# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက် ၂၀၂၂ ခုနှစ်၊ ဇွန် ၃၀ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၁)၊ အမှတ် (၂၆၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ထိုင်းဘုရင့်တပ်မတော်မှ Lt.Gen. Apichet Suesat ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဇွန် ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သော (၃၄) ကြိမ်မြောက် မြန်မာ - ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt.Gen. Apichet Suesat ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❄



## ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော် Lt.Gen. Apichet Suesat အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

နေပြည်တော် ဇွန် ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၁ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။

သတင်းစဉ်


**ယနေ့** *ဖတ် စ ရာ*

ပခုက္ကူစာပေဆု ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပမည် — ပြည်တွင်းသတင်း စာ - ၂

ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E.Mr.PRAK Sokhonn ရန်ကုန်မြို့သို့ ရောက်ရှိ — ပြည်တွင်းသတင်း စာ - ၅

# ဥပဒေအကာအကွယ်အောက်တွင် အေးချမ်းစွာ ပြန်လည်နေထိုင်

လွန်ခဲ့သည့် တစ်နှစ်ခန့်ကာလ တပ်မတော်ဦးဆောင်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဒီမိုကရေစီ တည့်မတ်ထိန်းသိမ်းမှုကို ဆန့်ကျင်ကာ လမ်းပေါ်ထွက် ဆန္ဒပြမှုများမှသည် အဓိကရုဏ်းအဆင့်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ထိပ်တိုက်ရင်ဆိုင်မှုအဆင့်နှင့် နောက်ဆုံးတွင် လူစုလူဝေးဖြင့် မီးရှို့ဖျက်ဆီးမှု၊ အကြမ်းဖက်သတ်ဖြတ်မှုများ၊ လက်နက်ကိုင်အဖွဲ့အစည်းများ ထူထောင်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များကိုသာမက အပြစ်မဲ့ပြည်သူများကိုပါ လုပ်ကြံသတ်ဖြတ်မှုများအထိ နိုင်ငံတစ်ဝန်းရှိ မြို့ပြဒေသအချို့တို့တွင် ဖြစ်ပေါ်ခဲ့သမျှ အနိဋ္ဌာရုံများ၏ နောက်ကွယ်၌ CRPH၊ NUG အကြမ်းဖက်အဖွဲ့တို့ရှိနေသည်။

မြို့ပေါ်တွင် ဆန္ဒပြပွဲများ တစ်ရက်ပြီးတစ်ရက် နေ့စဉ်ရက်ဆက် လမ်းပေါ်ထွက်ကြချိန်၊ လမ်းများပေါ်တွင် ကွန်ကရစ်တုံးများ၊ သဲအိတ်များ၊ တာယာကွင်းများ၊ ဝါးကပ်များ ပိတ်ဆို့ကာရံ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ကြချိန် ကတည်းကပင် ရပ်ကွက်ကျေးရွာ ပြည်သူလူထုအတွင်း နည်းမျိုးစုံနှင့် သွေးထိုးလှုံ့ဆော်မှု၊ ဆွဲဆောင်စည်းရုံးမှုနှင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ရှိနေခဲ့ပြီးဖြစ်သည်။ တစ်အိမ်တစ်ယောက် လူဆင့်၊ ထမင်းထုပ်ဆင့်၊ ငွေကြေးဆင့်၊ လုပ်အားဆင့် စသည့်ဆင့်ခေါ်မှုများတွင် ပါဝင်ခဲ့ကြသူများအနက် ဘယာကြောင့် ပါဝင်ခဲ့ကြရသူများလည်းရှိသည်။ လမ်းပေါ်ဆန္ဒပြမှုများမှသည် တောတွင်းဖောက်ခွဲရေးသင်တန်း၊ လက်နက်ကိုင်သင်တန်းနှင့် အကြမ်းဖက်သင်တန်းများဆီသို့ ရောက်ရှိသွားခဲ့ကြသူ လူငယ်များတွင်လည်း အထက်ပါအတိုင်း သွေးထိုးလှုံ့ဆော်မှုများနှင့် ဆွဲဆောင်စည်းရုံးမှုများကြောင့် လိုက်ပါသွားခဲ့ကြသူများမှာ တောတွင်း ပကတိအခြေအနေများနှင့် ၎င်းတို့၏ အထင်နှင့်အမြင်တို့ ကွာခြားနေမှုတို့အပေါ် စိတ်ပျက်လက်ပျက်ဖြစ်ခဲ့ကြသည်။ ကိုယ်ကျိုးရှာ နိုင်ငံရေးသမားတို့၏ ဝါဒဖြန့်စကားလုံးတို့မှာ အဓိပ္ပာယ်ရော အနှစ်သာရပါ ဘာမျှမရှိဘဲ ၎င်းတို့၏ အလုံးစုံပျက်သုဉ်းရေး၊ နိုင်ငံပြိုကွဲပျက်စီးရေး အဖျက်လုပ်ငန်းများအတွက် မျိုးဆက်သစ် လူငယ်တို့ကို အသုံးချမှုသာဖြစ်ကြောင်း မျက်မြင်ကိုယ်တွေ့ သိရှိခဲ့ကြသည်။

ယခုအခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တည်ရှိရာ နယ်မြေဒေသများတွင် ရောက်ရှိနေသူများနှင့် အကြမ်းဖက်မှုများတွင် ပါဝင်လိုခြင်းမရှိသဖြင့် ပြည်တွင်း ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်နေသူ အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုပါက ကြိုဆိုလက်ခံနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးသွားတော့မည်ဖြစ်သည်။ ထို့အပြင် နီးစပ်ရာ တပ်မတော်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းများသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်နှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရာ အခွင့်အလမ်းကောင်းတစ်ရပ်ပေးအပ်လိုက်ခြင်းပင်ဖြစ်သည်။

လူငယ်များ၏ အနာဂတ်သည် နိုင်ငံ၏အနာဂတ်ပင်ဖြစ်သည်။ နိုင်ငံအေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လူငယ်လူရွယ်တို့၏ ကာယအား၊ ဉာဏအားကို အဓိကထားရသည်။ တစ်နည်းအားဖြင့် နိုင်ငံကို ထုဆစ်ပုံဖော်ကြသည့် လုပ်အားရှင်များမှာ လူငယ်များပင်ဖြစ်သည့်အလျောက် မိမိတို့၏ ထက်မြက်တက်ကြွသည့် စွမ်းအားကို နိုင်ငံအတွက် အပြည့်အဝပါဝင်ပေးဆပ်နိုင်ကြပါစေကြောင်း။ ။

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **"ပန်းခင်း"**စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်) ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ပခုက္ကူစာပေဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပမည်

**ရန်ကုန် ဇွန် ၂၉**

၂၀၂၀ ပြည့်နှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုရသူများကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ ယခုအခါ ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုအခမ်းအနားကို ဇူလိုင် ၈ ရက်(သောကြာနေ့) နံနက် ၁၀ နာရီတွင် အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ဗဟိုပုံနှိပ်စက်ရုံ၊ စုပေါင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ သို့ဖြစ်၍ ပခုက္ကူစာပေဆုရရှိကြသူများ ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ရန် နှိုးဆော်ထားပြီး အသေးစိတ်သိရှိလိုပါက စာပေဗိမာန်ရုံး၊ စီမံရေးရာဌာန၊ ဖုန်း ၀၁-၃၈၁၄၄၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်ဂျန်းယန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ တာဝန်ထမ်းဆောင်ရန် သွားရောက်မည့် ဆရာ ဆရာမများကို ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဇွန် ၂၉**

ကချင်ပြည်နယ် အင်ဂျန်းယန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ တာဝန်ထမ်းဆောင်ရန် သွားရောက်မည့် ဆရာ ဆရာမများကို ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦးနှင့် တာဝန်ရှိသူများ၊ ဘာသာရေးခေါင်းဆောင်များ၊ မြို့မိ မြို့ဖများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အင်ဂျန်းယန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ထောက်ပံ့ငွေများ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်မည့် ဆရာ ဆရာမများအတွက် ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကြပြီး ဆရာ ဆရာမများကိုယ်စား မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ လူမှုရေးကယ်ဆယ်ရေးအဖွဲ့ချုပ်(ဗဟို)နှင့် ပုလဲဖြူလူမှုကယ်ဆယ်ရေးအဖွဲ့(ကော့ကရိတ်မြို့)တို့ ပူးပေါင်း၍ နိုင်ငံတကာအရေးပေါ်အသက်ကယ်သင်တန်းဖွင့်

**ကော့ကရိတ် ဇွန် ၂၉**

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် မြန်မာနိုင်ငံ လူမှုရေးကယ်ဆယ်ရေးအဖွဲ့ချုပ်(ဗဟို) နှင့် ပုလဲဖြူလူမှုရေးကယ်ဆယ်ရေးအဖွဲ့(ကော့ကရိတ်မြို့)တို့မှ ပူးပေါင်းဖွင့်လှစ်သည့် နိုင်ငံတကာအရေးပေါ်အသက်ကယ် သင်တန်း (၁/၂၀၂၂) ဖွင့်ပွဲကို ယနေ့နံနက်က ပုလဲဖြူလူမှုကယ်ဆယ်ရေးအဖွဲ့ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ကော့ကရိတ်မြို့ ဝါဆိုဦးကျောင်းတိုက်ဆရာတော် ဦးဝေပုလ္လက သြဝါဒမိန့်ကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းဝေက အမှာစကားပြောကြားသည်။ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးလှထွန်းက မိမိတို့အဖွဲ့အစည်းသည် ပါတီ နိုင်ငံရေးကင်းရှင်းသည့်အဖွဲ့ဖြစ်ပြီး မြို့ပြ ကျေးရွာတို့တွင် ဖွဲ့စည်းထား၍ တိုင်းရင်းသား အားလုံးအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည့် အဖွဲ့အစည်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှထွန်းအပါအဝင် နည်းပြ ၁၁ ဦးတို့က လူနာအား သယ်ဆောင်ရာတွင် အသက်သာဆုံး စနစ်တကျသယ်ဆောင်နည်း၊ တစ်ဦးချင်းသော်လည်းကောင်း တစ်ဦးနှင့်အထက် လူနာသယ်ဆောင်နည်း၊ ကယ်ဆယ်ရေးပစ္စည်းများအား ရင်းရင်းနှီးနှီးအသုံးချတတ်စေနည်း၊ တောင်ပေါ်တောင်အောက် လူနာများ ကယ်ဆယ်နည်း၊ ကားတွင်းညှပ်လူနာဆွဲထုတ်နည်း၊ ဆေးရုံမရောက်မီစပ်ကြား လူနာသွေးထွက်မလွန်အောင် ထိန်းသိမ်းနည်း၊ လူနာများ ပို့ဆောင်ရာတွင် နည်းစနစ်တကျချိတ်ဆက်နည်း၊ သေဆုံးသူလူနာကို စနစ်တကျ ထုပ်ပိုးနည်း စသည့်ကယ်ဆယ်ရေးနည်းများကို သင်တန်း ငါးရက်တာ လက်တွေ့ပို့ချမည်ဖြစ်ပြီး ကော့ကရိတ်မြို့ပေါ်နှင့် ကျေးရွာ ၁၄ ရွာတို့မှ သင်တန်းသား ၉၀ တို့ တက်ရောက်ကြကြောင်း သိရသည်။

**ခင်မျိုးဝင်း(ပြန်/ဆက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်မှ Lt.Gen. Apichet Suesat ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**❍ မြန်မာ့တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရန် ရည်ရွယ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးကမ်းလှမ်းဖိတ်ခေါ်ပြီး တွေ့ဆုံဆွေးနွေးနေမှုအခြေအနေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်ထားသည့် ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ထားမှုကို ထိုင်းတပ်မတော်မှလည်း ၎င်းတို့၏နယ်စပ်ဒေသများမှ မြန်မာနိုင်ငံသို့ အလွယ်တကူ ပြန်လည်ဝင်ရောက်နိုင်ရေး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေး**

*❄ ရှေ့ဖုံးမှ*

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးချစ်ဆွေတို့ တက်ရောက်ကြပြီး ထိုင်းကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းကြည်းတပ်စစ်သံမှူး Col. Saranyanis Sutthiwajachinadej နှင့် ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

### အမြင်ချင်းဖလှယ် ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆိုင်ရာများနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေနှင့် အကြမ်းဖက်မှုဖြစ်စဉ်များ ပပျောက်စေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အခြေအနေ၊ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ယဉ်ကျေးမှုဖလှယ်ရေး၊ ချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ကျင်းပရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတများ ဖလှယ်နိုင်ရေးတို့အတွက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်နိုင်မည့် အခြေအနေ၊ မြန်မာ့တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရန် ရည်ရွယ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးကမ်းလှမ်းဖိတ်ခေါ်ပြီး တွေ့ဆုံဆွေးနွေးနေမှုအခြေအနေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်ထားသည့် ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ထားမှုကို ထိုင်းတပ်မတော်မှလည်း ၎င်းတို့၏နယ်စပ်ဒေသများမှ မြန်မာနိုင်ငံသို့ အလွယ်တကူ ပြန်လည်ဝင်ရောက်နိုင်ရေး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

### လက်ဆောင်ပစ္စည်းများ ပေးအပ်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်အဖွဲ့ဝင်များ ထိုင်းဘုရင့်တပ်မတော်မှ Lt.Gen. Apichet Suesat ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် ဇွန် ၂၉**

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၂) ကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)

### ဌာနကိုယ်စားလှယ်များ တက်ရောက်

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော အလုပ်သမားဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာ ဌာနကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### ရှင်းလင်းဆွေးနွေး

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက လုပ်ငန်းကော်မတီမှ စိုက်ပျိုးရေးကဏ္ဍကို အထောက်အကူပြုရေးအတွက် လုပ်ငန်းကော်မတီက ဆက်လက်ဆောင်ရွက်ပေးသင့်သည့်ကိစ္စ၊ စီးပွားရေးလုပ်ငန်းအသီးသီးသို့ ချေးငွေထုတ်ပေးခဲ့ခြင်းအပေါ် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ချေးငွေပြန်လည်ပေးဆပ်လျက်ရှိသည့် အခြေအနေ၊ ချေးငွေထပ်မံထုတ်ပေးမည့် အခြေအနေများနှင့် လုပ်ငန်းကော်မတီက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက ကိုဗစ်-၁၉ ကြောင့် စီးပွားရေးသက်ရောက်မှုများ ကုစားရေးအတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ စီးပွားရေးတည်ငြိမ်ကောင်းမွန်စေရေးနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ဆရာ ဆရာမများအနေဖြင့် တောင်ပေါ်ဒေသရှိ ကျောင်းသား ကျောင်းသူများကို လူတော်လူကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ပေးစေလို

**နေပြည်တော် ဇွန် ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် တောင်ပေါ်ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် ပညာရေးဝန်ထမ်းများနှင့်တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့နယ် အခြေခံပညာ မူလတန်းလွန်ကျောင်း(ဘောဂဝတီ)၌ ကျင်းပသည်။



### ကြိုးစားဆောင်ရွက်

ရှေးဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က တောင်ပေါ်ဒေသများ၌ တာဝန်ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများ၏ အခက်အခဲများကို နားလည်ကိုယ်ချင်းစာပါကြောင်း၊ နေပြည်တော်ကောင်စီအနေဖြင့် တောင်ပေါ်ဒေသ၏ အခက်အခဲများကို တတ်စွမ်းသမျှ ဖြည့်ဆည်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပြီး တောင်ပေါ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် အခက်အခဲများကြားမှ မိမိတို့ တာဝန်ကျရာ တောင်ပေါ်ဒေသရှိ တပည့်ကျောင်းသား ကျောင်းသူများကို ပညာသင်ကြားပေးရုံသာမက ယဉ်ကျေးလိမ္မာသော စံပြကျောင်းသား ကျောင်းသူများ ဖြစ်လာစေရန်နှင့် ထူးချွန်ထက်မြက်သည့် လူတော်လူကောင်းများဖြစ်အောင် စေတနာ၊ ဝါသနာ၊ အနစ်နာခံ ကြိုးစားဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် က တောင်ပေါ်ဒေသ ကျေးရွာအုပ်စု ခုနစ်စုတို့၏ လုံခြုံရေးအတွက် စီမံဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆရာ ဆရာမများကို အားပေးစကားပြောကြားသည်။

### စားသောက်ကုန်များ ထောက်ပံ့ပေးအပ်

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့် တာဝန်ရှိသူများက တောင်ပေါ်ဒေသ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများအတွက် စားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ရာ ဆရာ ဆရာမများက လက်ခံရယူကြသည်။

ထို့နောက် ပျဉ်းမနားမြို့နယ် တောင်ပေါ်ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများက ကြုံတွေ့နေရသည့်အခက်အခဲများဖြစ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးနှင့် တယ်လီဖုန်းလိုင်းများ ကောင်းမွန်စေရေးတို့အတွက် တင်ပြဆွေးနွေးကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရေတို၊ ရေရှည်ဆောင်ရွက်ပေးရမည့် လုပ်ငန်းများအားစိစစ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် အခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာသီရိနွယ်က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်းကောင်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က ဦးစီးဌာနဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်လုပ်ငန်းများကို သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် ဘတ်ဂျက်လျာထား ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

### ကျေးဇူးတင်စကား ပြောကြား

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က ဆရာ ဆရာမများ၏ ကြုံတွေ့နေရသည့်အခက်အခဲများ၊ တင်ပြချက်များနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းပြောကြားရာ မြို့နယ်ပညာရေးမှူး ဦးတင့်ဆန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က တက်ရောက်လာကြသည့် ပျဉ်းမနားမြို့နယ် တောင်ပေါ်ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများကို ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။ (ဝဲပုံ)

ပျဉ်းမနားမြို့နယ် တောင်ပေါ်ဒေသ ကျေးရွာအုပ်စု ခုနစ်အုပ်စုတွင် အခြေခံပညာကျောင်း ၄၉ ကျောင်း၊ ကျောင်းသား ကျောင်းသူ ၂၃၀၁ ဦး၊ ဆရာ ဆရာမ ၂၄၀ ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**သတင်းစဉ်**

# မင်းလှမြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲပြုလုပ်

**မင်းလှ ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် အမှတ်(၂၇) မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ပေပင်တန်းအုပ်စု ပေပင်တန်းကျေးရွာ တောင်သူ ဦးကျော်ကျော်၏ လယ်မြေ ခုနစ်ဧက၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယမန်နေ့က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးသရုပ်ပြသပွဲတွင် ကူဘိုတာခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးသရုပ်ပြသခဲ့ပြီး စိုက်ပျိုးရာတွင် လယ်တစ်ဧကလျှင် တစ်နာရီခန့်သာ ကြာမြင့်ပြီး ကုန်ကျစရိတ်သက်သာစေမည်ဖြစ်ကြောင်း၊ ဒေသခံတောင်သူများအနေဖြင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမည်ဆိုလျှင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ စိုက်ပျိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

သရုပ်ပြပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးအောင်အောင်ခန့်နှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

လယ်ယာလုပ်ငန်းခွင်တွင် လုပ်သားရှားပါးခြင်းကို ဖြေလျှော့နိုင်ရေး၊ လုပ်အားကုန်ကျမှု သက်သာစေရေး၊ ကောက်ကွက်ဝင်ဆံ့မှု တိကျမှန်ကန်စေရေး၊ ပျိုးသက်နုစိုက်ပျိုးခြင်းကြောင့် ကောက်ပင်လှန်မှုမြန်ပြီး ပင်ပွားများလာစေရေး၊ အချိန်တိုအတွင်း လုပ်ငန်းပြီးစီးမှု လျင်မြန်စေရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် တောင်သူများအနေဖြင့် ခေတ်မီလယ်ယာသုံး စက်ကိရိယာများဖြင့် ရင်းနှီးကျွမ်းဝင်စွာ အသုံးပြုတတ်လာစေရေး ရည်ရွယ်၍ သရုပ်ပြပွဲ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်**

**(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

**မိုး/ဇလ**

# ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E.Mr.PRAK Sokhonn ရန်ကုန်မြို့သို့ ရောက်ရှိ

**ရန်ကုန် ဇွန် ၂၉**

အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E.Mr.PRAK Sokhonn နှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ သုဝဏ္ဏဘူမိ လေဆိပ်မှတစ်ဆင့် ရန်ကုန်မြို့သို့ ရောက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဗဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr.CHHOUK Bunnaနှင့် သံရုံးမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြသည်။

**ကြိုးပမ်းဆောင်ရွက်သွားမည်**

H.E.Mr.PRAK Sokhonn နှင့် ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်အတွင်း ၂၀၂၂ ခုနှစ် မေ ၆ ရက်က ကျင်းပခဲ့သော အာဆီယံလူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး အစည်းအဝေးရလဒ်များနှင့် အာဆီယံဘုံသဘောတူညီမှု ငါးရပ် အကောင်အထည်ဖော်ဆောင်ရန်၊ ခရီးစဉ်အတွင်းတွေ့ဆုံမှုများမှတစ်ဆင့် အားလုံးပါဝင်နိုင်သော နိုင်ငံရေးဆွေးနွေးပွဲအတွက် အထောက်အကူ ဖြစ်စေရန်၊ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသော ပဋိပက္ခများတွင် ငြိမ်းချမ်းသောနည်းလမ်းဖြင့် အမျိုးသားရေး ပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ်တစ်ရပ်ကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မဲခေါင် - လန်ချန်း အထူးရန်ပုံငွေဖြင့် ၂၀၂၂ ခုနှစ်တွင် စီမံကိန်းလုပ်ငန်း ခုနစ်ခု အကောင်အထည်ဖော်ဆောင်ရွက်မည်

**နေပြည်တော် ဇွန် ၂၉**

မဲခေါင်-လန်ချန်းအထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်သည့် စီမံကိန်းများဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက စိုက်ပျိုးမြေများကို ထိထိရောက်ရောက် အသုံးချကာ စိုက်ပျိုးရာသီအလိုက် သီးနှံမျိုးစုံမျိုးကွဲများ စုံလင်စွာ စိုက်ပျိုးရေး၊ သီးထပ်သီးညှပ်စိုက်ပျိုးရေး၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံများစိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ အသုံးပြုစိုက်ပျိုးမှုတိုးတက်ရေး၊ အရည်အသွေးမြင့်မားသည့် စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်၍ ဈေးကွက်ရရှိရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ပြီး လယ်ယာကဏ္ဍ၏ ပြည်ပပို့ကုန်တိုးမြှင့်ရေးကို ဒေသတွင်းနိုင်ငံများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။



**ရှင်းလင်းတင်ပြ**

ဆက်လက်၍ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက မဲခေါင် - လန်ချန်း အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်သည့် စီမံကိန်းများနှင့် စပ်လျဉ်း၍ သိရှိလိုက်နာရမည့် အချက်များနှင့် စီမံကိန်းဦးစီးဌာနက စတုတ္ထအသုတ် ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်ဆွေးနွေးမှာကြား**

ထို့နောက် စီမံကိန်းတွင် ပါဝင်သည့် စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များက သက်ဆိုင်ရာဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၏ အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

**စီမံကိန်း ၃၁ ခုကို ဆောင်ရွက်**

လယ်ယာ၊ သား၊ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီနည်းပညာများ အသုံးပြုပြီး ဘက်စုံကဏ္ဍစုံ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာရေးလုပ်ငန်းများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများဖြင့် အဓိကဆောင်ရွက်လျက်ရှိသကဲ့သို့ မိတ်ဖက်နိုင်ငံများ၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီအထောက်အပံ့များ၊ ချေးငွေများဖြင့်လည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မဲခေါင် - လန်ချန်း စီမံကိန်းလုပ်ငန်းများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ မတည်ရန်ပုံငွေဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စီမံကိန်း ပထမအသုတ်ဖြစ်သော ၂၀၁၇ ခုနှစ်တွင် စီမံကိန်း ငါးခု၊ ဒုတိယအသုတ် ၂၀၁၈ ခုနှစ်တွင် စီမံကိန်း ကိုးခု၊ တတိယအသုတ် ၂၀၂၀ ပြည့်နှစ်တွင် စီမံကိန်း ခြောက်ခု၊ စတုတ္ထအသုတ် ၂၀၂၁ ခုနှစ်တွင် စီမံကိန်းလုပ်ငန်း လေးခုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုပဉ္စမအသုတ် ၂၀၂၂ ခုနှစ်တွင် စီမံကိန်းလုပ်ငန်း ခုနစ်ခု အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ရာ အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်ဖြင့် စုစုပေါင်း စီမံကိန်း ၃၁ ခုကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇွန် ၂၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၅)နှစ်မှ (၁၂)နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၅၁၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၂၇၃၀၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ကိုးမြို့နယ်၌ ဒေသခံပြည်သူ ၄၆၀၅ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၃၅၆၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၅၃၆၈ ဦးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၃၆၇၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၁ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းသတင်းစာရှင်းလင်းပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV–HD ၊ MRTV News ၊ MWD ၊ MWD Variety ၊ MITV ၊ MOI Website ၊ MOI Youtube ၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM ၊ မန္တလေး FM ၊ ပဥ္စဝတီ FM ၊ ရွှေ FM ၊ ပတ္တမြား FM ၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# (၃၄)ကြိမ်မြောက် မြန်မာ – ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် ဇွန် ၂၉**
မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပပြုလုပ်သည့် (၃၄)ကြိမ်မြောက် မြန်မာ- ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းက တောင်ကြီးမြို့ရှိ တောင်ကြီးဟိုတယ်၌ ဆက်လက်ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ ဒုတိယခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ခင်လှိုင်နှင့် တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် Lt.Gen. Apichet Suesat နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုးနှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt.Gen. Apichet Suesat တို့က (၃၄)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေး သဘောတူညီချက်ကို အတည်ပြုလက်မှတ်ရေးထိုးကာ**(ယာပုံ)** အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် မြန်မာ-ထိုင်း ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက နှစ်နိုင်ငံ အထိမ်းအမှတ်တံဆိပ်များကို အပြန်အလှန်လဲလှယ်ကြပြီး အမှာစကားပြောကြား၍ ကော်မတီအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




# ချင်းပြည်နယ်တွင် အသက် ငါးနှစ်မှ ၁၂ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူများကို ကျောင်းအခြေပြု ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်လို

**ဟားခါး ဇွန် ၂၉**
ချင်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၉ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင် တက်ရောက် အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ချင်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်က အသက် ငါးနှစ်မှ ၁၂ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူများကို ကျောင်းအခြေပြု ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိရာ ရာနှုန်းပြည့် ထိုးနှံပေးနိုင်ရေး ဆက်လက် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့် အထက်ရှိသော ပြည်သူများကို ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စဉ်ဆက်မပြတ် ထိုးနှံပေးရန်လိုကြောင်း ပြောကြားသည်။




ဆက်လက်၍ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင်က ယခင်အပတ် အစည်းအဝေးဆုံးဖြတ်ချက်များကို ရှင်းလင်းဖတ်ကြားပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဒေါက်တာရန်နိုင်က ချင်းပြည်နယ်၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ မြို့နယ်အလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု အခြေအနေနှင့် မြို့နယ်အလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရရှိ၊ သုံးစွဲ၊ လက်ကျန်စာရင်းများ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဆန်းတို့က အသက် ၁၈ နှစ်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့် အထက်ရှိသော ပြည်သူများကို ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုနှင့် ပတ်သက်၍ တစ်မြို့နယ်ချင်းအလိုက် သုံးသပ်ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်က ဇွန် ၂၈ ရက်အထိ ပန်းခင်းစီမံချက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရန် လျာထားမှုအခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲများ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) များကို Software Program ဖြင့် ထည့်သွင်းနိုင်ရေး ဆောင်ရွက်မည့် အခြေအနေ၊ ပြည်နယ်အစိုးရအဖွဲ့မှ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# မော်လမြိုင်မြို့ရှိ သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းရှိ သင်တန်းသား သင်တန်းသူများအတွက် စားသောက်စရိတ်ထောက်ပံ့လှူဒါန်းမှုနှင့် သင်ထောက်ကူပစ္စည်းပေးအပ်ပွဲ ကျင်းပ

**မော်လမြိုင် ဇွန် ၂၉**
နှစ် (၁၀၀) ပြည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့၌ ဖွင့်လှစ်လျက်ရှိသည့် သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းတွင် သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသား သင်တန်းသူ ၆၅ ဦးအတွက် မွန်ပြည်နယ်အတွင်းရှိ သမဝါယမအသင်းများက စားသောက်စရိတ် ထောက်ပံ့လှူဒါန်းခဲ့ခြင်းအပေါ် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သင်ထောက်ကူပစ္စည်း ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက သက်မွေးပညာသင်တန်းကျောင်းခန်းမ(ရာမညဆောင်)၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**



အခမ်းအနားတွင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အမှာစကား ပြောကြားပြီး သင်တန်းသား သင်တန်းသူများ၏ နေ့စဉ်စားသောက်စရိတ်အတွက် မွန်ပြည်နယ်အတွင်းရှိ ပြည်နယ်အသင်းစုချုပ်၊ မြို့နယ် ၁၀ မြို့နယ်မှ သမဝါယမအသင်းစုများနှင့် အခြေခံအသင်းများမှ ငွေကျပ် ၂၂၅ ဒသမ ၃၁ သိန်း ပေးအပ်လှူဒါန်းခဲ့ခြင်းအပေါ် ဂုဏ်ပြုမှတ်တမ်းလွှာများအား လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကပေးအပ်ရာ သက်ဆိုင်ရာ အသင်းဥက္ကဋ္ဌများက လက်ခံရယူသည်။

ဆက်လက်ပြီး သင်တန်းကျောင်းတွင် တက်ရောက် ပညာသင်ကြားနေသော သင်တန်းသား သင်တန်းသူများအတွက် သင်ထောက်ကူပစ္စည်းများကို ပြည်နယ်ဦးစီးမှူး ဒေါ်ခင်မာအေးက ပေးအပ်ရာ ကျောင်းသားကိုယ်စားလှယ်များက လက်ခံရယူသည်။ ထို့နောက် ကျောင်းအုပ်ကြီးက စားသောက်စရိတ်နှင့် သင်ထောက်ကူပစ္စည်းများ လှူဒါန်းခဲ့ခြင်းအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ သင်တန်းကျောင်းကို ဇွန် ၁၆ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၆၅ ဦး တက်ရောက်လျက်ရှိရာ သင်တန်းကာလမှာ နှစ်နှစ်ဖြစ်သည်။ အဆိုပါသင်တန်းကျောင်းကို ပညာဆက်လက်သင်ယူရန် အခက်အခဲရှိသူများအား စာရင်းရေး၊ စာရင်းကိုင်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်စေရန်နှင့် သင်တန်းသားများအနက် ထူးချွန်သူများကိုရွေးချယ်၍ သမဝါယမကောလိပ်များနှင့် သမဝါယမနှင့်စီမံခန့်ခွဲမှု ပညာတက္ကသိုလ်များသို့ ပေါင်းကူး၍ ပညာဆက်လက် သင်ယူနိုင်သည့် အခွင့်အလမ်းများဖန်တီးပေးရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၂၉**
မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြစ်ငယ်မြို့တွင် ၃ ဒသမ ၉၀ လက်မ၊ ချီဖွေမြို့တွင် ၃ ဒသမ ၁၉ လက်မ၊ အမရပူရမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ မိုးကုတ်မြို့တွင် ၂ ဒသမ ၃၆ လက်မ၊ ကျောင်းကုန်းမြို့တွင် ၂ ဒသမ ၀၉ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၈၄ လက်မ၊ ကသာမြို့နှင့် ကော့သောင်းမြို့တို့တွင် ၁ ဒသမ ၆၅ လက်မစီနှင့် မချမ်းဘောမြို့နှင့် တောင်သာမြို့တို့တွင် ၁ ဒသမ ၆၁ လက်မစီတို့ဖြစ်သည်။

**မိုး/ဇလ**

❍ *ကျောဘုံးမှ*

## ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ် နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသား ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေး အတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေး လုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှု မရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံ ပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများ အနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည် ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အားအလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက် အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်လူရွယ်များတို့သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများ သည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်း မရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသ အချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရ သည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ် များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ် အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စု များနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင် ခြိမ်းခြောက် ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိနေရပ် အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေး အတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်း များ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ် သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝ တွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**



## ကွန်ပျူတာတက္ကသိုလ်(ဘားအံ) မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**ဘားအံ ဇွန် ၂၉**

ကွန်ပျူတာတက္ကသိုလ်(ဘားအံ)၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်သင်တန်း မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

မောင်မယ်သစ်လွင်ကြိုဆိုပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ICT ကျွမ်းကျင်ပညာရှင်များ ပြုစုပျိုးထောင်နိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွန်ပျူတာဆိုင်ရာ နည်းပညာရပ်နှင့် ICT ဆိုင်ရာနည်းပညာရပ်များကို မောင်မယ်သစ်လွင်များက အပတ်တကုတ် ကြိုးစားလေ့ကျင့်သင်ကြားသွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ ရွေးချယ်ခဲ့သည့် IT ကျွမ်းကျင်ပညာရှင်တစ်ဦး ဖြစ်အောင် ရည်မှန်းချက်များ အကောင်အထည်ဖော် အောင်မြင်နိုင်ရေးအတွက် ပြောင်းလဲတိုးတက်နေသည့် နည်းပညာရပ်များကို အမြဲမပြတ်လေ့လာ ဆည်းပူးရင်း ထူးချွန်ထက်မြက်သည့် နိုင်ငံသားကောင်းများ ဖြစ်ကြစေလိုကြောင်း ပြောကြားပြီး ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မောင်မယ်သစ်လွင် ၃၁ ဦးအတွက် ငွေကျပ် ၆၂၀၀၀၀ ကို ထောက်ပံ့ပေးအပ်ပြီး ကွန်ပျူတာတက္ကသိုလ် မောင်မယ်သစ်လွင်များက မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် သီဆိုကပြ ဖျော်ဖြေကြကာ King & Queen ရွေးချယ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်တို့က ပညာရည်ထူးချွန်ဆုများ ချီးမြှင့်ကြပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ်သယံဇာတရေးရာဝန်ကြီးတို့က King & Queen ရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မောင်မယ်သစ်လွင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း မြို့နယ်ပေါင်း ၁၈၇ မြို့နယ်မှ တောင်သူ ၅၅၇၆ ဦးသို့ ချေးငွေထုတ်ချေးပေးထားပြီးဖြစ်

**နေပြည်တော် ဇွန် ၂၉**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း (JICA, Two Step Loan)ဦးဆောင်ကော်မတီအစည်းအဝေး (၂၂/၂၀၂၂) ကို ယမန်နေ့ မွန်းလွဲပိုင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စီမံကိန်းဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေစီမံကိန်း ကို ၂၀၁၇ ခုနှစ် ဇူလိုင်လတွင်စတင်ခဲ့ပြီး ယခုအချိန်အထိ မြို့နယ်ပေါင်း ၁၈၇ မြို့နယ်မှ တောင်သူ ၅၅၇၆ ဦးသို့ ချေးငွေကျပ် ၂၂၉ ဒသမ ၉၇၉ ဘီလီယံ ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း၊ တောင်သူများမှ အရစ်ကျ ပြန်ဆပ်လာသည့်ငွေများကို ချေးငွေရယူလိုသည့် တောင်သူအသစ်များသို့ စဉ်ဆက်မပြတ် ထုတ်ချေးလျက်ရှိကြောင်း၊ ချေးငွေများ စဉ်ဆက်မပြတ် ထုတ်ချေးနိုင်ရန် ကြွေးကျန်များမဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ လယ်ယာသုံး စက်ကိရိယာများအပြင် ချေးငွေအမယ်သစ်များ ထုတ်ချေးပေးနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြ စေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ချေးငွေထုတ်ချေးပြီးစီးမှုနှင့် ဆက်လက်ထုတ်ချေးမည့် အခြေအနေ၊ JICA, Two Step Loan NPL ကျဆင်းရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် လယ်ယာသုံး စက်ပစ္စည်းကုမ္ပဏီများ၏ တင်ပြချက်များကို ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဦးဆောင်ကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၉**

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# ပခုက္ကူဦးအုံးဖေတည်ထောင်သော (၂၈)ကြိမ်မြောက် ပခုက္ကူစာပေဆု

**မောင်ငြိမ်းသူ (ကြို့ပင်ကောက်)**

**"စာဖတ်ပရိသတ်ပြည်သူများအတွက် အကျိုးပြုစာပေများ ရှင်သန်ထွန်းကားရေးနှင့် မြန်မာစာပေဖွံ့ဖြိုးရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရန်"ဟူသော ရည်ရွယ်ချက်ဖြင့် ပခုက္ကူမြို့ ဗိုလ်ချုပ်လမ်းနေ သိန်းတစ်ရာဆေးပေါင်းရုံပိုင်ရှင် ဦးအုံးဖေက သူ၏ စာပေဒါန မတည်လှူဒါန်းငွေများဖြင့် ၁၉၉၄ ခုနှစ်မှစ၍ ပခုက္ကူစာပေဆုကို နှစ်စဉ်ချီးမြှင့်ခဲ့ရာ ယခုနှစ်တွင် (၂၈)ကြိမ်မြောက် ပခုက္ကူစာပေဆုချီးမြှင့်ပွဲကို ဇူလိုင် ၈ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပရန် စီစဉ်နေကြလေပြီ။**







ပခုက္ကူဦးအုံးဖေအမှတ်တရ ထုတ်ဝေသည့် ရာပြည့်မဂ္ဂဇင်းနှင့် ပခုက္ကူ ဦးအုံးဖေ၏ ဘဝအကြောင်းကို စာရေးဆရာ တက္ကသိုလ် စိန်တင်ရေးသားသည့် စာအုပ်။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် (၂၇)ကြိမ်မြောက် ပခုက္ကူစာပေဆုချီးမြှင့်ပွဲကို ၂၀၂၀ ပြည့်နှစ်တွင် ပုံမှန်အတိုင်း မကျင်းပနိုင်ခဲ့ဘဲ ၂၀၂၁ ခုနှစ် ဧပြီ ၂ ရက်မှ ကျင်းပနိုင်ခဲ့သည်။ ထို့ကြောင့် ယခု (၂၈)ကြိမ်မြောက် ပခုက္ကူစာပေဆုချီးမြှင့်ပွဲကိုလည်း ပုံမှန်ကျင်းပရမည့်အချိန်ထက် နောက်ကျပြီးမှ ကျင်းပရခြင်းဖြစ်ပါသည်။

**စာပေဒါန စာပေဆုအစ**

သိန်းတစ်ရာဆေးပေါင်းရုံပိုင်ရှင် ဦးအုံးဖေသည် ဘဝသံသရာခရီးတွင် လောကဓံ၏ အဖိအနှိပ် အထုအထောင်းဒဏ်ကို အကြိမ်ကြိမ်ခံခဲ့ရရာမှ အခါအခွင့်သင့်တိုင်း လက်လှမ်းမီရာစာများကို ဖတ်ရှုမှတ်သား လိုက်နာကျင့်သုံးခဲ့သည်။

ဦးအုံးဖေသည် စာဖတ်ခြင်းအကျိုးကျေးဇူးကြောင့် အသိအမြင်ကျယ်ပြန့် ဗဟုသုတတိုးပွားလာပြီး ရိုးရိုးသားသားကြိုးစားလာခဲ့ရာ သိန်းတစ်ရာဆေးပေါင်းရုံပိုင်ရှင်ကြီးဘဝသို့ ရောက်ရှိခဲ့သည်။ ဦးအုံးဖေသည် ကွယ်လွန်ခဲ့သည့် ၂၀၀၈ ခုနှစ်အထိ ကိုယ်ပိုင်ကားမစီးဘဲ စက်ဘီးဖြင့်သာ သွားလာနေခဲ့သည့်အပြင် လမ်းလျှောက်သွားလာသင့်ပါက လမ်းလျှောက်သွားလာခဲ့သည်။ အသုံးနှင့်အဖြုန်းကို ခွဲခြားချင့်ချိန်သုံးသပ်ပြီး သမ္မာအာဇီဝစီးပွားရေးလုပ်ငန်းကိုသာ စွဲစွဲမြဲမြဲ ဖွဲ့ဖွဲ့ရှိရှိလုပ်ကိုင်ခဲ့သည်။ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားရှာဖွေ စုဆောင်းနိုင်ခဲ့သောကြောင့် ဆေးပေါင်းရုံပိုင်ရှင်ကြီး ဖြစ်လာခဲ့ပါသည်။

ငွေကြေးဓန ပြည့်စုံကြွယ်ဝလာသော ဦးအုံးဖေသည် ဘဝ၏အတက်အကျကို ကိုယ်တွေ့ခံစားခဲ့ရသောကြောင့် ဘဝကို မည်သည့်အခါမျှမမေ့ဘဲ ကြုံတွေ့ခဲ့ရသည်များကို စာနာကူညီလိုစိတ်များ ပေါ်ပေါက်နေလေ့ရှိသည်။ ထို့ကြောင့် လူမှုရေးကိစ္စအဝဝတွင်လည်း စေတနာထက်သန်စွာ လှူဒါန်းခဲ့သည်။ ၁၉၆၁ ခုနှစ်မှစတင်၍ ၁၉၇၁ ခုနှစ်အထိ ပခုက္ကူမြို့တွင် အနာကြီးရောဂါသည်များအား လုံချည်တစ်ကွင်းစီ စတင်လှူဒါန်းခဲ့သည်။ ၁၉၈၁ ခုနှစ်က အသက် ၆၄ နှစ်မြောက် အထိမ်းအမှတ်အဖြစ် ငွေကျပ် ၆၄၀၀၀၀ တိတိကို မီးဘေးကယ်ဆယ်ရေးရန်ပုံငွေအဖြစ် လှူဒါန်းခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ပခုက္ကူမြို့၌ ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ကို ငွေကျပ်သိန်း ၆၀ ခန့် မတည်လှူဒါန်း၍ ဆောက်လုပ်ခဲ့သည်။

ဦးအုံးဖေသည် အထက်တွင်ဖော်ပြခဲ့သော စာပေရည်ရွယ်ချက်ဖြင့် စာပေဒါနကို ဆက်လက်ဆောင်ရွက်လိုသောကြောင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်(ထီလာစစ်သူ) ထံသို့ ၁၉၉၁ ခုနှစ် နိုဝင်ဘာလတွင် နှုတ်ဖြင့်ရော၊ စာဖြင့်ပါ ကမ်းလှမ်းခဲ့သည်။ သူ၏ အသက် ၇၅ နှစ်မြောက်မွေးနေ့တွင် စာပေဆု မတည်ငွေသားကျပ် ၇၅ သိန်း လှူဒါန်းလိုကြောင်း၊ စာပေဆုကိုလည်း "ပခုက္ကူစာပေဆု"ဟု ခေါ်တွင်စေလိုကြောင်း၊ စာပေဆုရန်ပုံငွေကို ထိန်းသိမ်းကြီးကြပ်စီမံခန့်ခွဲရန် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းစေလိုကြောင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကပင် စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းကာ စာပေဆုစည်းမျဉ်းများ ရေးဆွဲသတ်မှတ် ပြဋ္ဌာန်းပေးစေလိုကြောင်း မေတ္တာရပ်ခံ အကူအညီတောင်းခဲ့သည်။

ဦးအုံးဖေ၏ မေတ္တာရပ်ခံချက်အရ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီပေးခဲ့ရာ ဦးအုံးဖေက ငွေကျပ် ၇၆၀၁၂၇၉ လွှဲအပ်လှူဒါန်းပွဲကို ၁၉၉၂ ခုနှစ် မေ ၃၁ ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံကြီး၌ ကျင်းပခဲ့သည်။

ပခုက္ကူစာပေဆုပြိုင်ပွဲကိုလည်း ၁၉၉၃ ခုနှစ်တွင် စတင်ဖိတ်ခေါ်ခဲ့ပြီး ပထမဆုံးအကြိမ် ပခုက္ကူစာပေဆုချီးမြှင့်ပွဲကို ၁၉၉၄ ခုနှစ်တွင် ကျင်းပနိုင်ခဲ့သည်။ မူလက (၇၅)နှစ်ပြည့်အထိမ်းအမှတ် ၇၅ သိန်းလှူဒါန်းရန် ရည်မှန်းထားသော်လည်း ၇၆ နှစ်ထဲရောက်သွားသဖြင့် ငွေကျပ် ၇၆ သိန်းအပြင် သူ၏မွေးသက္ကရာဇ် ၁၂၇၉ ကိုပါ ရည်စူးကာ လှူဒါန်းသမျှတွင် ၁၂၇၉ ကျပ်ကိုပါ အမြဲတမ်းထည့်သွင်းလှူဒါန်းနေကြောင်းသိရသည်။ ထို့မျှသာမကသေးဘဲ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပခဲ့သော (၁၀) ကြိမ်မြောက် ပခုက္ကူစာပေဆု ချီးမြှင့်ပွဲတွင် ငွေကျပ်သိန်း ၅၀ ကို ထပ်မံလှူဒါန်းခဲ့သည်။

စာပေဆုအလှူရှင် ဦးအုံးဖေက သူ မတည်လှူဒါန်းထားသော အလှူငွေများကို ရန်ပုံငွေစည်းကမ်းအရ ဘဏ်တွင်အပ်နှံထားပြီး အတိုးငွေတန်ဖိုးစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကို စာပေဆုအဖြစ် နှစ်စဉ်ခွဲဝေပေးရန်၊ ၃၀ ရာခိုင်နှုန်းကို အသုံးစရိတ်အဖြစ် သုံးစွဲရန်၊ ၁၀ ရာခိုင်နှုန်းကို အရင်းအနှီးတိုးပွားစေရန်အတွက် ဘဏ်တွင် ဆက်လက်ထားရှိရန် သတ်မှတ်ထားခဲ့သည်။ ဆိုလိုသည့်သဘောမှာ နှစ်စဉ် ဘဏ်တိုး၏ ၉၀ ရာခိုင်နှုန်းကိုသာ သုံးစွဲခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ပခုက္ကူစာပေဆုကို အမျိုးအစား ခြောက်မျိုး သတ်မှတ်ထားရာ (၁)ဝတ္ထုရှည်ဆု၊ (၂) ဝတ္ထုတိုပေါင်းချုပ်ဆု၊ (၃) ကဗျာပေါင်းချုပ်ဆု၊ (၄) ကျမ်းစာပေဆု၊ (၅)သုတေသနစာပေဆုနှင့် (၆)တစ်သက်တာ စာပေဆုများဖြစ်သည်။ စာပေဆုများအတွက် ဘာသာရပ်တစ်ခုချင်းစီအလိုက် စာမူများကို ဖိတ်ခေါ်ယှဉ်ပြိုင်စေခြင်းဖြစ်ပြီး တစ်သက်တာစာပေဆုအတွက် ဘဝတစ်သက်တာလုံး စာပေအကျိုးကို ရှုပ်ရှုပ်ချုံချုံ သယ်ပိုးထမ်းရွက်ခဲ့သူ၊ စာပေလောကသား သက်ရှိပုဂ္ဂိုလ်များထဲမှ စိစစ်ရွေးချယ်စေခြင်းဖြစ်သည်။

စာပေဆုအပြင် ၁၉၉၄ ခုနှစ်မှစ၍ ပညာသင်ဆုအဖြစ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ နှစ်ဦးစီကို ချီးမြှင့်ခဲ့သည်။ ထို့ပြင် စာပေဆုကိုလည်း ဘာသာရပ်တစ်ခုချင်းတွင် တစ်ဆုစီသာ ချီးမြှင့်ခဲ့ရာမှ ၁၉၉၄ ခုနှစ်တွင် ဒုတိယဆုများ၊ ၁၉၉၆ ခုနှစ်တွင် တတိယဆုများ တိုးမြှင့်ချီးမြှင့်ခဲ့ပါသည်။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏အမွေကို ဆက်ခံခဲ့သော မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့်လည်း ပခုက္ကူစာပေဆု စိစစ်ရွေးချယ်ခြင်းရန်ပုံငွေကြီးကြပ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ်မပျက် ကြိုးပမ်းထမ်းရွက်နေပြီး ဆုချီးမြှင့်ပွဲများကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်မှ တာဝန်ရှိသူများနှင့် ပူးတွဲလျက် အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

ဦးအုံးဖေကွယ်လွန်သွားပြီးနောက် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပခဲ့သည့် ပခုက္ကူဦးအုံးဖေစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီက ရန်ပုံငွေတိုးပွားလာစေရေးနှင့် ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေးအတွက် စာပေဆုအမည်ကို "ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု"ဟူ၍ အမည်ပြောင်းလဲသတ်မှတ်ခဲ့သည်။

အလှူရှင်သတ်မှတ်ခဲ့သော ဘဏ်တိုးထဲတွင် ၆၀ ရာခိုင်နှုန်းကို (စာပေဆုများအတွက် လည်းကောင်း)၊ ၃၀ ရာခိုင်နှုန်းကို (အသုံးစရိတ်အတွက်လည်းကောင်း) စုစုပေါင်း ဘဏ်တိုးထဲမှ ၉၀ ရာခိုင်နှုန်း သုံးစွဲခွင့်မှာ ခေတ်အခြေအနေအရ လုံလောက်မှုတစ္စာ သုံးစွဲနိုင်ခြင်းမရှိသဖြင့် စာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီက အလှူရှင်များကို နှစ်စဉ်ရှာဖွေ ဖြည့်ဆည်းပေးခဲ့ရသည်။ အထူးသဖြင့် စာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဝင် ဒုဥက္ကဋ္ဌ (၁) ဖြစ်သော ဦးတင့်ဆွေ(ယခုကွယ်လွန်)သည် စာပေဆုအတွက်ရော ပခုက္ကူမြို့ရှိဦးအုံးဖေစာကြည့်တိုက်အတွက်ပါ နှစ်စဉ်အလှူခံပေးခဲ့ရာ အထူးပင်ကျေးဇူးကြီးမားလှပါပေသည်။ အလှူရှင် ဦးအုံးဖေအတွက် ဦးတင့်ဆွေက အစွမ်းကုန်အကျိုးဆောင်ပေးခဲ့လေရာ ပခုက္ကူစာပေဆုနှင့် ပခုက္ကူမြို့ ဦးအုံးဖေစာကြည့်တိုက်ဆုအတွက် ဂုဏ်တက်စေခဲ့ပါသည်။

ပခုက္ကူစာပေဆုကို ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ရာမှ မြန်မာနိုင်ငံ စာရေးဆရာအသင်းသို့ ၂၀၁၃ ခုနှစ်တွင် လွှဲပြောင်းပေးခဲ့မှုအခြေအနေကို တင်ပြလိုပါသည်။ ထိုအချိန်က လွှဲပြောင်းပေးခဲ့သော ပခုက္ကူဦးအုံးဖေစာပေဆုရန်ပုံငွေမှာ ငွေကျပ် ၃၆၈ သိန်းကျော်သာ ရှိခဲ့ပါသည်။ ဘဏ်တိုးနှုန်းမှာ တစ်နှစ်လျှင် ငွေကျပ်သိန်း ၄၀ ခန့်သာရခဲ့ရာ မြန်မာနိုင်ငံစာရေးဆရာအသင်းက စာပေစေတနာရှင်၊ အလှူရှင်များကို နှစ်စဉ်ရှာဖွေ အကူအညီတောင်းခံခဲ့ရပါသည်။ စာပေဆုချီးမြှင့်ပွဲကုန်ကျစရိတ်က နှစ်စဉ် ငွေကျပ်သိန်း ၆၀ ကျော်၊ ၇၀ ကျော်ခန့် ကုန်ကျခဲ့ပါသည်။ ယခုဆိုလျှင် ငွေကျပ်သိန်း ၁၀၀ ကျော် ကုန်ကျနေပါသည်။ ထိုက်သင့်သော စာပေဆုချီးမြှင့်ငွေ တိုးမြှင့်ပေးခြင်းနှင့် ကုန်ကျစရိတ် မြင့်တက်လာခြင်းကြောင့် စာပေဆုရန်ပုံငွေကို နှစ်စဉ် စိစစ်ချွေတာ သုံးစွဲနေခဲ့ရသလို အလှူရှင်များကိုလည်း ရှာဖွေနေခဲ့ရပါသည်။ ထိုသို့ ကုန်ကျငွေများပြားသည့်ကြားမှ ရန်ပုံငွေမလျော့နည်းအောင် မြန်မာနိုင်ငံစာရေးဆရာအသင်းက စွမ်းဆောင်နိုင်သမျှ ကြိုးပမ်းခဲ့ရာ ယခုဆိုလျှင် ရန်ပုံငွေ ထိုက်သင့်အားလျော်စွာ ရရှိနေပါသေးသည်။

"ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု"ချီးမြှင့်မှု (၂၈)ကြိမ်အတွင်း တစ်သက်တာစာပေဆုရှင် ၃၃ ဦး ပေါ်ထွက်ခဲ့ပြီး စာပေဆုပေါင်း ၃၃၆ ဆုကို ချီးမြှင့်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ပခုက္ကူစာပေဆုချီးမြှင့်ပွဲတွင် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုကိုပါ ၂၀၀၃ ခုနှစ်မှစတင်၍ ပူးတွဲချီးမြှင့်ခဲ့ရာ ယခုအကြိမ်အထိ ဆုရသူ ၄၀ အား ချီးမြှင့်နိုင်ခဲ့ပြီဖြစ်ပါသည်။

ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရရှိသူများကို မှတ်တမ်းတင်ထားရာ

၁။ ၁၉၉၄ ခုနှစ်တွင် ဆရာကြီး ဦးထင်ဖတ် (မောင်ထင်)နှင့် ဆရာကြီး ဦးတင်မြင့် (သခ်ၢ) (နှစ်ဦး)

၂။ ၁၉၉၅ ခုနှစ် ဇန်နဝါရီလတွင် ဦးရန်အောင် (ရန်အောင်)နှင့် ဦးသိန်းမောင်(သုခ) (နှစ်ဦး)

၃။ ၁၉၉၅ ခုနှစ် ဒီဇင်ဘာလတွင် ဦးကိုလေး (ဇေယျာမောင်)

၄။ ၁၉၉၇ ခုနှစ်တွင် ဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး)

၅။ ၁၉၉၈ ခုနှစ်တွင် ဦးအုန်းဖေ (တက်တိုး)

၆။ ၁၉၉၉ ခုနှစ်တွင် ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)

*စာမျက်နှာ ၉ သို့*

# ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက ပြည်တွင်းအလုပ်အကိုင် ၃၃၇၃ နေရာ ဖန်တီးပေး



**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၆/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ဇွန် ၂၉ ရက်က ရန်ကင်းမြို့နယ်ရှိ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီရုံး၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သုံးခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သုံးခုတို့ကို အတည်ပြုပေးပြီး အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ CMP စနစ်ဖြင့် ဆံပင်တုအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ အမျိုးသမီးဝတ်အတွင်းခံနှင့် ဆက်စပ်ပစ္စည်း အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၊ အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းများ ဖြစ်ကြောင်း၊ အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ မြန်မာကျပ်ငွေ ၄၄၄၁ ဒသမ ၄၇၇ သန်းနှင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၅၉ သန်း ဖြစ်ပြီး လုပ်ငန်းစုစုပေါင်း ခြောက်ခုအနေဖြင့် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းနေရာပေါင်း ၃၃၇၃ ခု ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းနောက် အစည်းအဝေးတွင် ကုမ္ပဏီ ၁၃ ခုမှ တင်ပြလာသည့် အထွေထွေကိစ္စရပ်များကို တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဘားအံခရိုင်မှ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု

**ဘားအံ ဇွန် ၂၉**

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဘားအံခရိုင်မှ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီးဌာနက ကြီးမှူး၍ ဘားအံမြို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဘားအံခရိုင် လူထုအခြေပြုဗဟိုခန်းမ၌ ဇွန် ၂၈ ရက်က ကျင်းပသည်။

ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိုးလွင်က ကျောင်းသား ကျောင်းသူများအနေဖြင့် အခက်အခဲများကြားမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ယနေ့အချိန်သည် နည်းပညာခေတ်ဖြစ်သည့်အတွက် အချိန်ကို အလဟဿမဖြစ်စေဘဲ အတတ်ပညာတစ်ခုခုကို ဆည်းပူးလေ့လာစေလိုကြောင်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်သည် မဖြစ်မနေတတ်မြောက်ရန်လိုအပ်သဖြင့် အားလပ်ချိန်တွင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာပညာရပ်ကို လေ့လာသင်ယူသင့်ကြောင်း အကြံပြု အမှာစကား ပြောကြားသည်။

ထို့နောက် တစ်ဘာသာဂုဏ်ထူးရရှိသော ကျောင်းသူနှစ်ဦးအား ငွေကျပ် တစ်သိန်းစီနှင့် ရိုးရိုးအောင်မြင်သော ကျောင်းသား ကျောင်းသူ သုံးဦးအား ငွေကျပ် ၅၀၀၀၀ စီကို ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးမောင်မောင်တို့က ပေးအပ်ချီးမြှင့်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၈ မှ*

၇။ ၂၀၀၀ ပြည့်နှစ်တွင် ဦးသန်းထွတ် (တိုက်စိုး)
၈။ ၂၀၀၁ ခုနှစ်တွင် ဦးဌေးမြိုင် (ဒဂုန်တာရာ)
၉။ ၂၀၀၂ ခုနှစ်တွင် ဦးလှကြိုင်(ပါရဂူ)
၁၀။ ၂၀၀၃ ခုနှစ်တွင် ဦးမျိုးသန့်(မောင်ဆုရှင်)
၁၁။ ၂၀၀၄ ခုနှစ်တွင် ဒေါ်ရင်ရင်(စောမုံညင်း)
၁၂။ ၂၀၀၅ခုနှစ်တွင်ဦးကြည်အေး (ဆင်ဖြူကျွန်း အောင်သိန်း)နှင့် ဒေါ်ကြန်(မကြန်)(နှစ်ဦး)
၁၃။ ၂၀၀၆ ခုနှစ်တွင်ဒေါ်သိန်းဆိုင်(မမြတ်လေး)
၁၄။ ၂၀၀၇ ခုနှစ်တွင် ဒေါ်ခင်ဆွေဦး(ခင်ဆွေဦး)
၁၅။ ၂၀၀၈ ခုနှစ်တွင် ဒေါက်တာသော်ကောင်း (ဦးသော်ကောင်း)
၁၆။ ၂၀၀၉ ခုနှစ်တွင် ဒေါက်တာကျော်စိန် (ဒေါက်တာကျော်စိန်)
၁၇။ ၂၀၁၀ ပြည့်နှစ်တွင် ဒေါက်တာ ဦးသိန်းညွန့် (ညွန့်ဝေ-ကသာ)
၁၈။ ၂၀၁၁ ခုနှစ်တွင် ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)
၁၉။ ၂၀၁၂ ခုနှစ်တွင် ဦးမောင်မောင်ခင် (တက္ကသိုလ် မောင်မောင်ခင်)
၂၀။ ၂၀၁၃ ခုနှစ်တွင် ဦးဘသန်း(မဟာဝိဇ္ဇာ)
၂၁။ ၂၀၁၄ ခုနှစ်တွင် ဦးတင်ခ (တက္ကသိုလ် တင်ခ)
၂၂။ ၂၀၁၅ ခုနှစ်တွင် ဦးညိုဝင်းနှင့် ဒေါက်တာချစ် (နှစ်ဦး)
၂၃။ ၂၀၁၆ ခုနှစ်တွင် ဦးမောင်ကလေး (သောကြာမောင်ကလေး)
၂၄။ ၂၀၁၇ ခုနှစ်တွင် ဦးချစ်လွင် (တောသားကြီး လူနိုင်)
၂၅။ ၂၀၁၈ ခုနှစ်တွင် ဒေါက်တာသန်းဦး (ပြည်စိုးမင်း)
၂၆။ ၂၀၁၉ ခုနှစ်တွင် ဦးမြတ်သူ(တက္ကသိုလ် မြတ်သူ)
၂၇။ ၂၀၂၀ ခုနှစ်တွင် ဒေါ်ကြွယ်ကြွယ် (မကြွယ်ကြွယ်)
၂၈။ ၂၀၂၂ ခုနှစ်တွင် ဒေါက်တာမျိုးသန့်တင်နှင့် ဦးညွန့်ဆွေ (မောင်ဆွေသက်) (နှစ်ဦး) စုစုပေါင်း ၃၃ ဦး ဖြစ်ပါသည်။

**"အသက် ၇၅ နှစ်မြောက်မွေးနေ့တွင် စာပေဆုမတည်ငွေသား ကျပ် ၇၅ သိန်း လှူဒါန်းလိုကြောင်း၊ စာပေဆုကိုလည်း "ပခုက္ကူ စာပေဆု"ဟု ခေါ်တွင်စေလိုကြောင်း၊ စာပေဆုရန်ပုံငွေကို ထိန်းသိမ်းကြီးကြပ်စီမံခန့်ခွဲရန် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းစေလိုကြောင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကပင် စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းကာ စာပေဆု စည်းမျဉ်းများ ရေးဆွဲသတ်မှတ် ပြဋ္ဌာန်းပေးစေလိုကြောင်း မေတ္တာရပ်ခံ အကူအညီတောင်းခဲ့သည်"**

အလှူရှင် ဦးအုံးဖေသည် စာပေဆုများအပြင် ပညာရေးအတွက်ပါ လှူဒါန်းခဲ့ရာ ၁၉၉၇ ဇန်နဝါရီ ၉ ရက်က ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပခဲ့သော ပခုက္ကူဦးအုံးဖေစာပေဆု ဆုပေးပွဲအခမ်းအနားတွင် ပညာရေးရန်ပုံငွေအဖြစ် ငွေ ၅၂၀၁၂၇၉ ကျပ်ကို နိုင်ငံတော်သို့ လှူဒါန်းခဲ့ပါသည်။ ထိုလှူဒါန်းငွေကို ရင်းနှီးမြှုပ်နှံရာမှရရှိသော အတိုးအညွန့်များဖြင့် အခြေခံပညာအထက်တန်းတွင် ဘာသာရပ်တစ်ခုချင်းအလိုက် အမှတ်အများဆုံးရရှိသော ကျောင်းသား ကျောင်းသူ သုံးဦးစီကို ချီးမြှင့်စေခဲ့ပါသည်။ နှစ်စဉ်ကျင်းပခဲ့သော ပခုက္ကူစာပေဆုချီးမြှင့်ပွဲများတွင် ပညာရေးဝန်ကြီးဌာနက စိစစ်ရွေးချယ်ပေးခဲ့ကြသော ထူးချွန်ကျောင်းသား ကျောင်းသူများကို အလှူရှင် ဦးအုံးဖေ၏ဆန္ဒနှင့်အညီ နှစ်စဉ်ချီးမြှင့်နိုင်ခဲ့ကြသော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ပညာရည်ချွန်ဆုများကို ချီးမြှင့်နိုင်ခြင်းမရှိဘဲ ရပ်နားထားကြရပါသည်။

စေတနာရှင်ဦးအုံးဖေသည် သူနေထိုင်ကြီးပြင်းခဲ့ရာ ဇာတိကျေးရွာ "ထနောင်းကုန်းရွာ အသိပညာစာကြည့်တိုက်"သို့လည်း ငွေကျပ် ၂၄ သိန်း မတည်လှူဒါန်းခဲ့သေးသည်။

ဦးအုံးဖေသည် ၁၉၈၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဘာသာရေးနှင့် လူမှုရေးအတွက် ငွေကျပ် ၄၇၈ သိန်းကျော် လှူဒါန်းခဲ့ပါသည်။ ထိုခေတ်ထိုအခါကာလက လှူဒါန်းခဲ့သော စုစုပေါင်းအလှူငွေကျပ် ၄၇၈ သိန်းကျော်မှာ လွန်စွာတန်ဖိုးရှိ ထူးမြတ်လှပါပေသည်။

လှူဒါန်းမှုရက်ရော စေတနာဖြူစင်သော ဦးအုံးဖေသည် စာပေဒါနအဖြစ် စာပေဆုများ၊ စာကြည့်တိုက်များ၊ ပညာရည်ချွန်ဆုများကို လှူဒါန်းရုံဖြင့် အားမရသေးဘဲ သူကိုယ်တိုင်တွေ့ကြုံခဲ့ရသော ဘဝအတွေ့အကြုံအဖုံဖုံထဲမှ ကောင်းတာရောဆိုးတာပါ မခြွင်းမချန်ဘဲ သူ၏ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်များကို ရေးသားထုတ်ဝေခဲ့ရာ စာချစ်သူများကို ဆွဲဆောင်နိုင်စွမ်းရှိခဲ့ပါသည်။ မျိုးဆက်သစ်လူငယ်များအတွက် သင်ခန်းစာရယူဖွယ်၊ သံဝေဂရဖွယ်၊ အားကျအတုယူဖွယ်များ ပါဝင်ပါသည်။ သူ့ဘဝအတွေ့အကြုံစာပေဒါန ပေးဝေမျှခဲ့သည့် စာအုပ်သုံးအုပ်မှာ တွေ့ရကြုံရကျွန်တော့်ဘဝ (ပထမအတွဲ)၊ (ဒုတိယအတွဲ)(တတိယအတွဲ)များ ဖြစ်ကြပါသည်။

ဦးအုံးဖေ၏ ဘဝအစိတ်အပိုင်းမှန်များကို ဦးအုံးဖေ၏ဆန္ဒနှင့်အညီ ဆရာတက္ကသိုလ် စိန်တင်က "ပခုက္ကူဦးအုံးဖေ ဘဝခရီးနှင့် အောင်မြင်နည်း အတွေ့အကြုံများ" စာအုပ်ကို ရေးသားထုတ်ဝေခဲ့ရာ ၁၉၉၃ ခုနှစ်တွင် အမျိုးသားစာပေဆုကို ရရှိခဲ့ပါသည်။ ထိုနည်းတူ ဦးအုံးဖေကလည်း သူရေးသားခဲ့သည့် တွေ့ရကြုံရ ကျွန်တော့်ဘဝ စာအုပ်များဖြင့် ၂၀၀၁ ခုနှစ် ဆရာဝန်တင်ရွှေ စာပေဆုကို ထိုက်တန်စွာရရှိခဲ့ပါသည်။ မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ သက်ကြီးကန်တော့ခံ စာပေပညာရှင်ကြီးလည်း ဖြစ်ခဲ့ပါသည်။

အသက် ၈၁ နှစ်အရွယ်တွင် ကွယ်လွန်သွားရှာသော သူ၏မိခင်ကို တမ်းတပြီး "ကျုပ်အမေလောက် အသက်ရှည်ရင် ကျေနပ်ပါပြီဗျာ။ လုပ်စရာရှိတဲ့ စာပေတာဝန်ကလေးတွေ ပြီးပြတ်အောင်လုပ်သွားချင်လို့ပါ။ လှူချင်တာလေးတွေလှူပြီးရင် သေဆိုသေပေါ့မယ်ဗျာ။ အဆင်သင့်ပါပဲ"ဟု ဆရာတက္ကသိုလ် စိန်ဝင်းအား ပြောကြားခဲ့သော ဦးအုံးဖေသည် မြန်မာသက္ကရာဇ် ၁၂၇၉ ခုနှစ်တွင် ပခုက္ကူမြို့ ထနောင်းကုန်း ရွာတောကျေးရွာ၌ မွေးဖွားခဲ့ပြီး ၂၀၀၈ ခုနှစ် ဧပြီ ၁၃ ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ်) အသက် ၉၁ နှစ်အရွယ်တွင် ပခုက္ကူမြို့၌ ကွယ်လွန်သွားခဲ့ပါသည်။

ဦးအုံးဖေအား နိုင်ငံတော်က ၁၉၉၃ ခုနှစ်တွင် "လူမှုထူးချွန်(ပထမအဆင့်)" ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ကွယ်လွန်သွားရှာသော ဦးအုံးဖေသည် မြန်မာစာပေနှင့်အတူ ဘယ်သောအခါမှ နာမည်မသေဘဲ သားအစဉ် မြေးအဆက် မြစ်အညွန့် အစွန့်ရှည်ကြာ တည်တံ့ခိုင်မြဲနေမည်မှာ မလွဲကေန်ပါတည်း။

ပခုက္ကူဦးအုံးဖေ စာပေဆုသည် သူ၏ရည်ရွယ်ချက်နှင့်အညီ မြန်မာစာပေတိုးတက်မြင့်မားရေးနှင့် အကျိုးပြုစာပေများ ရှင်သန်ထွန်းကားရေးအတွက် စံပြုအတုယူထိုက်သည့် စာပေဆုပင်ဖြစ်သည်။ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ရည်ရွယ်ချက်များနှင့်လည်း ကိုက်ညီနေလေရာ မြန်မာနိုင်ငံ စာရေးဆရာအသင်းအနေဖြင့်လည်း အခြေအနေပေးလျှင်ပေးသည့်အလျောက် "ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု" ဆက်လက်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းထမ်းရွက်သွားရန် သန္နိဋ္ဌာန်ချမှတ်ထားပါသည်။

**ကိုးကား**

- တက္ကသိုလ်စိန်တင်၏ ပခုက္ကူဦးအုံးဖေဘဝခရီးနှင့် အောင်မြင်နည်း အတွေ့အကြုံများ စာအုပ်၊
- ဆုချီးမြှင့်ပွဲတိုင်းတွင် ဖြန့်ဝေခဲ့သော ပခုက္ကူစာပေဆုအကြောင်းအရာစာအုပ်များ၊

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုဆောင်းပါး

# သမဝါယမဆိုတာ အတူပူးပေါင်း ဆောင်ရွက်ခြင်း

ကိုနိုင်အောင်
(COOPERATIVES)

**သမဝါယမဆိုတာ လူသားတို့၏ လိုအပ်ချက် (Need) ကို ဖြည့်ဆည်းဖို့နှင့် လူတစ်ဦးချင်းစီက မဖြည့်ဆည်းနိုင်သော အသက်ရှင်ရပ်တည်မှုအတွက် လိုအပ်သော စားဝတ်နေရေးပြဿနာတွေကို ဘဝတူ၊ ဆန္ဒတူသူများ စုစည်းကာ စုပေါင်းအားဖြင့် ဝိုင်းဝန်းဖြေရှင်းခြင်းကို သမဝါယမဟု ခေါ်ပါသည်။ လူသားတို့၏ လိုအပ်ချက်အရ ကမ္ဘာပေါ်မှာ သမဝါယမအဖွဲ့အစည်းများ လွန်ခဲ့သောနှစ် ၁၀၀ ကျော်က စတင်ပေါ်ပေါက်ခဲ့သလို မြန်မာနိုင်ငံတွင်လည်း ကိုလိုနီခေတ် ၁၉၀၅ ခုနှစ်တွင် ပထမဆုံးသမဝါယမ အသင်းဖွဲ့စည်းလုပ်ကိုင်ခြင်းဖြင့် သမဝါယမလှုပ်ရှားမှု စတင်ပေါ်ပေါက်လာခဲ့ပါသည်။ အတည်ပြုပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ သမဝါယမအသင်းလုပ်ငန်းများကို စည်းကမ်းတကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သမဝါယမဦးစီးဌာနကို လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလ၌ မြန်မာနိုင်ငံတွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ သမဝါယမဦးစီးဌာန၏ တာဝန် (၃) ရပ်မှာ သမဝါယမအသင်းများအား (က)ဖွဲ့စည်းခြင်း (Organizing)၊ (ခ) ပညာပေးခြင်း (Educating)၊ (ဂ) ထိန်းကျောင်းတည့်မတ်ခြင်း (Regulating) တို့ဖြစ်ပါသည်။**

### လိုအပ်ချက်များ ဖြည့်ဆည်း

အသင်းသားများ၏ လူမှုစီးပွားရေးလိုအပ်ချက်များကို ဖြည့်ဆည်းရန် သမဝါယမအသင်းများ ဖွဲ့စည်းလုပ်ကိုင်ခြင်းများကို ခေတ်အဆက်ဆက် ဖြတ်သန်းလုပ်ဆောင်ခဲ့ရာမှာ ယနေ့ဆိုလျှင် နှစ် ၁၀၀ ကျော်ကာလသို့ပင် ရောက်ရှိနေပြီဖြစ်ပါသည်။ ခေတ်ဟောင်း စနစ်ဟောင်း အတွေးအခေါ်များကတော့ "သမဝါယမဆိုတာ သိလားဟုမေးလျှင် ဆန်၊ ဆီ၊ ဆပ်ပြာ ခွဲတမ်း ပေးတဲ့စနစ်" လို့သာ သိခဲ့၊ နားလည်ခဲ့ကြသည်။

ယနေ့ခေတ်တွင်တော့ သမဝါယမဆိုတာ သိလားဟု မေးလိုက်လျှင် အများစုကတော့ ဖြေကြမည် "ငွေချေးတဲ့ အဖွဲ့လေ" ဟုသာ အဆိုပါ ပုဂ္ဂိုလ်များက သမဝါယမဆိုတာ ဌာနလား အသင်းလား ကွဲကွဲပြားပြား မသိကြပါ။ လူအတော်များများက ခက်သည် ကိုယ်စီးသည့်မြင်း အထီးမှန်း၊ အမမှန်း မသိကြ၊ သိအောင်လည်း အားမထုတ်ကြ၊ မိမိနှင့် မကင်းနိုင်သည့် သမဝါယမအကြောင်းကို ဂဃဏန သိအောင်လုပ်ရမည်မှာ သက်ဆိုင်သူများ၏ တာဝန်မဟုတ်လား။ ယနေ့ခေတ် အရွယ်ရောက်ပြီးသူ အများစု သမဝါယမအသင်း၊ သမဝါယမအသင်းသား၊ သမဝါယမလုပ်ငန်းအသီးသီးနှင့် တိုက်ရိုက်၍သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပတ်သက်ခဲ့ကြသူများ ဖြစ်သည်။

### ဦးတည်ချက်ထား ဆောင်ရွက်

ယနေ့ခေတ် သမဝါယမ ဘာတွေလုပ်နေလဲ။ ငွေဘာလို့ချေးပေးတာလဲ၊ သက်ဆိုင်သူများကော၊ သမဝါယမအသေးစားချေးငွေလုပ်ငန်းကို ဝေဖန်လိုသူများကော သိသင့်ပါသည်။ သမဝါယမဦးစီးဌာနမှ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းဖြစ်သော ကျေးလက်နေ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်သူများ၊ အသေးစားကုန်ထုတ်လုပ်ငန်းငယ် လုပ်ကိုင်သူများကို စိုက်ပျိုးရေးစရိတ်၊ မွေးမြူရေးစရိတ်၊ ကုန်ထုတ်လုပ်မှုစရိတ်ချေးငွေများ ထုတ်ချေးပေးခဲ့ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူအများစုနေထိုင်ရာ ကျေးလက်ဒေသကို အခြေပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဦးတည်ချက်ထား ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့
၂၀၂၂ ခုနှစ်၊ ဇူလိုင်လ(၂)ရက် (စနေနေ့)




"Cooperatives Build a Better World"
"ကမ္ဘာ့လောက ပိုမိုကောင်းမွန်ရေး သမဝါယမများက တည်ဆောက်ပေး"

ဘာကြောင့် ငွေချေးတာလဲဆိုသည့် မေးခွန်းကို ဖြေဆိုရမည်ဆိုလျှင် တောင်သူတွေ၊ လယ်သမား၊ ယာသမားတွေ စိုက်ချိန်၊ ပျိုးချိန်မှာ ငွေလိုပါတယ်။ လယ်ခင်းထဲ၊ ယာခင်းထဲ မြေယာပြုပြင်ဖို့၊ သဘာဝမြေဩဇာထည့်ဖို့၊ မျိုးစေ့ထည့်ဖို့ငွေကို ဘယ်က ရှာရပါသနည်း။ ရွာထဲမှာ ငွေတိုးပေးစားသူထံမှ ငွေကျပ် ၁၀၀ လျှင် တစ်လ ရှစ်ကျပ်တိုး၊ ၁၀ ကျပ်တိုး ပေး၍ ချေးငှားရသည်။ အချို့နေရာများတွင် သီးနှံဆတိုးပေးစနစ်ဖြင့် ချေးငှားရသည်။ သမဝါယမအသင်းအဖွဲ့များက ဤအခက်အခဲကို ဖြေရှင်းပေးရန်နှင့် တောင်သူများ ငွေတိုးစား နှိပ်စက်သည့်ဒဏ်မှ အထိုက်အလျောက် သက်သာစေရန် ရည်ရွယ်ပြီး ငွေကျပ် ၁၀၀ လျှင် တစ်ကျပ်ခွဲ အတိုးနှုန်းထားသာ သတ်မှတ်၍ သီးနှံပေါ်ပြန်ဆပ် (ခြောက်လ တစ်ကြိမ်ဆပ် စနစ်)ဖြင့် အသေးစားချေးငွေလုပ်ငန်းကို အကောင်အထည်ဖော်ခဲ့ပါသည်။ အကျေဆပ်ပြီးပါက နောက်ထပ် ခြောက်လ ပြန်လည်ထုတ်ချေးစနစ်ဖြင့် အသင်းသားတောင်သူများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို သမဝါယမဦးစီးဌာနက ရှေးရှု ဆောင်ရွက်လျက် ရှိပါသည်။

### တာဝန်ယူတာဝန်ခံ ထုတ်ချေး

နိုင်ငံတော်ဘတ်ဂျက်ကို ခြိုးခြံချွေတာသောအားဖြင့် နိုင်ငံတော်မှဘဏ္ဍာငွေ အထောက်အပံ့ရယူခြင်းမရှိဘဲ ယခင် သမဝါယမဝန်ကြီးဌာနမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Exim Bank ချေးငွေကို သမဝါယမအသင်းအဆင့်ဆင့်က အာမခံထားသော စနစ်ဖြင့် ပြည်ပဘဏ် ချေးငွေများ ရယူဆောင်ရွက်ခဲ့ပါသည်။ တစ်နှစ်လျှင် အတိုး လေးရာခိုင်နှုန်း ဖြစ်ပါသည်။ တစ်လကို အတိုး လေးရာခိုင်နှုန်း မဟုတ်ပါ။ တစ်လလျှင် ငွေကျပ် ၁၀၀ လျှင် အတိုးနှုန်း ၃၄ ပြားသာ ကျသင့်ပါသည်။ ဒါကို သမဝါယမလုပ်ငန်းများကို စောင့်ကြည့်ဝေဖန်သူများရော၊ သမဝါယမအသင်းသား ပြည်သူများပါ ကွဲကွဲပြားပြား သိဖို့လိုပါသည်။ ချေးငွေရယူသူ သမဝါယမအသင်းသား တောင်သူများကတော့ ချေးငွေကျပ် ၁၀၀ အပေါ် တစ်လတစ်ကျပ်ခွဲ အတိုးဖြင့် မိမိတို့ ချေးငွေရယူထားသော သမအသင်းထံ သီးနှံရာသီအလိုက် ခြောက်လတစ်ကြိမ် ပြန်လည်ပေးဆပ်ရပါသည်။ China Exim Bank က အတိုး ၃၄ ပြားဖြင့် ထုတ်ချေးသော်လည်း ချေးငွေ အသုံးပြုသူက ဘာလို့ တစ်ကျပ်ခွဲတိုး ပေးရသနည်း၊ ယင်းသို့ဖြစ်ရခြင်းမှာ ပင်ရင်းဖြစ်သော ပြည်ပဘဏ်မှ အသင်းသားလက်ဝယ်အထိ ငွေကြေးရောက်ရှိဖို့ ဗဟိုအဆင့်တွင် ဗဟိုသမဝါယမအသင်း ပြည်နယ်/တိုင်းတွင် အသင်းစုချုပ်များ၊ အခြေခံအဆင့်တွင် ကျေးရွာ၊ ရပ်ကွက် သမဝါယမအသင်းများက ချေးငွေကို အာမခံသည့်မှုဖြင့် တာဝန်ယူတာဝန်ခံကာ ထုတ်ချေးရပါသည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖွဲ့စည်းထားသော သမဝါယမသင်းအဆင့်ဆင့်မှ စီမံခန့်ခွဲမှု ကုန်ကျစရိတ်များ၊ သက်ဆိုင်ရာအသင်း ရှင်သန်ရပ်တည်ရေးစရိတ်များအတွက် အသင်းအဆင့်ဆင့်မှ အတိုးနှုန်း တစ်ကျပ်ခွဲအပေါ်မှာ စီမံခန့်ခွဲမှု ကုန်ကျစရိတ်အဖြစ် ရယူရပါသည်။

✪ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Exim Bank ချေးငွေကို သမဝါယမအသင်းအဆင့်ဆင့်က အာမခံထားသောစနစ်ဖြင့် ပြည်ပဘဏ် ချေးငွေများ ရယူဆောင်ရွက်ခဲ့ပါသည်။ တစ်နှစ်လျှင် အတိုး လေးရာခိုင်နှုန်း ဖြစ်ပါသည်။ တစ်လကို အတိုး လေးရာခိုင်နှုန်း မဟုတ်ပါ။ တစ်လလျှင် ငွေကျပ် ၁၀၀ လျှင် အတိုးနှုန်း ၃၄ ပြားသာ ကျသင့်ပါသည်

သမဝါယမအသင်းအားလုံးသည် အစိုးရမဟုတ်သောအဖွဲ့အစည်းများ NGOs ဖြစ်ကြပါသည်။ သို့ဖြစ်၍ မိမိတို့အသင်း၏ ဝင်ငွေ၊ အသုံးစရိတ်ကို ကိုယ်တိုင်ရှာရပါသည်။ အသင်းအမှုဆောင်များ၊ အသင်းဝန်ထမ်းများ ခန့်ထားခြင်းအတွက် လုပ်ခလစာများအား အသင်း၏ ဝင်ငွေအပေါ်မူတည်၍လည်းကောင်း၊ အသင်းအမှုဆောင်များမှ အသင်း၏ လုပ်ငန်း လိုအပ်ချက်အပေါ် မူတည်ပြီး လုပ်ငန်းအသီးသီးရဲ့ တာဝန်ခံများအဖြစ်လည်းကောင်း၊ နေ့စားလပေး ဝန်ထမ်းများ၊ ပုတ်ပြတ်ဝန်ထမ်းများ ခန့်ထားခြင်းဖြင့်လည်းကောင်း လစဉ်ငွေကြေးသုံးစွဲရပါသည်။

### ကြိုက်နှစ်သက်သည့်ပစ္စည်းကို ဝယ်ယူနိုင်

အသင်းသား တောင်သူလယ်သမားများ လက်မှုလယ်ယာစနစ် အသုံးပြုနေရာမှ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းနိုင်ဖို့ လယ်ယာသုံးစက်ကိရိယာမျိုးစုံကို အသင်းသားတောင်သူ ကြိုက်နှစ်သက်ရာကုမ္ပဏီမှ ကြိုက်သည့်ပစ္စည်းကို ဝယ်ယူနိုင်ရန် သမဝါယမက ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ တောင်သူအများစုမှာ စက်တန်ဖိုး ၁၀၀ ရာခိုင်နှုန်း ပေးချေဝယ်ယူနိုင်သည့် အခြေအနေမရှိပါ။ ထိုအခက်အခဲကို သမဝါယမက ဝင်ရောက်ဖြေရှင်းသည့် အစီအစဉ်ဖြင့် တောင်သူက စက်တန်ဖိုး၏ ၂၀ ရာခိုင်နှုန်းကိုသာပေးရပြီး ကျန် ၈၀ ရာခိုင်နှုန်းကို သမဝါယမအသင်းက စိုက်ထုတ်ပေးပြီး ကျသင့်ငွေ တန်ဖိုး အပေါ်မူတည်ပြီး တစ်နှစ်ဆပ်၊ နှစ်နှစ်ဆပ်၊ သုံးနှစ်ဆပ်စနစ်ဖြင့် ငှား/ဝယ်စနစ် (Hire Purchase System)ကို သမဝါယမက အကောင်အထည်ဖော်လျက်ရှိပါသည်။ ထို့အပြင် စိုက်ပျိုးရေးလုပ်ငန်းများအတွက်အသုံးပြုရန် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာတို့ကိုလည်း ရာသီအလိုက် သီးနှံပေါ်ပေးစနစ်ဖြင့် လယ်သမား၊ ယာသမားများ အချိန်မီ အသုံးပြုနိုင်ရန် သမဝါယမအသင်းများက မြေဩဇာကုမ္ပဏီများနှင့် ဆက်စပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာ့သမဝါယမ ခရီးလမ်းကို ပြန်လည်သုံးသပ်ရမည်ဆိုပါက ခေတ်စနစ် စီးပွားရေးအခြေအနေပေါ်မူတည်၍ အနိမ့်အမြင့် အတက်အကျမျိုးစုံကို ရင်ဆိုင်ဖြတ်သန်း ကျော်ဖြတ်ခဲ့ရပါသည်။ သမဝါယမဆိုတာ မည်သို့ပင် လောကဓံတရား၏ ရိုက်ခတ်မှုကို ကြုံရသည်ဖြစ်စေ လူမှုစီးပွားလိုအင်ဆန္ဒတွေကို ဖြည့်ဆည်းပေးဖို့ ပြည်သူများအတွက် အမြဲတမ်းအဆင်သင့် ရှိနေပါကြောင်း တင်ပြလိုက်ရပါသည်။ ။



## အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ ဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၉**

အနောက်တောင်တိုင်း စစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ် ဘောလုံးကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဥ်ဖြစ်သည့် အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် နယ်မြေခံလေတပ်စခန်းဌာနချုပ် ကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၁၃ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နမ္မတူမြို့နယ်၌ မိုးလုံလေလုံအားကစားရုံ စတင်တည်ဆောက်

**နမ္မတူ ဇွန် ၂၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ်၌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၉၃ ဒသမ ၆၁၆ သန်းဖြင့် မိုးလုံလေလုံ လေ့ကျင့်ရေး အားကစားရုံ တည်ဆောက်ရန်အတွက် အုတ်မြစ်ချပန္နက်တင် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမင်းထွန်းက မိုးလုံလေလုံ လေ့ကျင့်ရေး အားကစားရုံ တည်ဆောက်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းလင်းထွေးက တည်ဆောက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ မိုးလုံလေလုံလေ့ကျင့်ရေးအားကစားရုံမှာ အလျား ပေ ၁၂၀၊ အနံ ပေ ၅၀ နှင့် အမြင့် ၄၁ ဒသမ ၅ ပေရှိပြီး အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၉၃ ဒသမ ၆၁၆ ကျပ်သန်းဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီက ယနေ့တွင် စတင်တည်ဆောက်လျက်ရှိပြီး တည်ဆောက်ပြီးစီးပါက မြို့နယ်အတွင်းရှိ မျိုးဆက်သစ် လူငယ်အားကစားသမားများ လေ့ကျင့်ကစားနိုင်မည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းစနစ်မှူး ဒေါ်ရွှေမာထံမှ သိရသည်။

**လူမော် (မြန်/ဆက်)**



## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် ရွှေကူမြို့နယ် အမှတ်(၁)ရပ်ကွက်နေ သဲသဲမိုးသည် ၎င်းအသုံးပြုသည့် “ရွှေမြင့်မိုရ်” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၁)ရပ်ကွက်နေ အာကာဟိန်း(ခ)အာကာသည် ၎င်းအသုံးပြုသည့် “Arkar” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးတောင်ရပ်ကွက်နေ မင်းမင်းစိုးသည် ၎င်းအသုံးပြုသည့် “Min Min Soe” Facebook အကောင့်၊ ရွှေပြည်သာမြို့နယ် အမှတ်(၁၅) ရပ်ကွက်နေ မြင့်မြင့်ဌေး(ခ)မရှမ်းသည် ၎င်းအသုံးပြုသည့် “Ma Shan” Facebook အကောင့်၊ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်နေ ရွှန်းလဲ့ရွှေစင်နှင့် သိန်းသိန်းညွန့်တို့သည် ၎င်းတို့အသုံးပြုသည့် “Shwe Zin” Facebook အကောင့်နှင့် “Thein Thein Nyunt” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# ပေါက်မြို့နယ် ရေပြာကျေးရွာရှိ ရေပြာအခြေခံပညာအထက်တန်းကျောင်းကို PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်ဗုံးဖြင့် ပစ်ခတ်

**နေပြည်တော် ဇွန် ၂၉**

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် ကျောင်းသား ကျောင်းသူများနှင့် ဆရာ၊ မိဘများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံး ပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့် နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေး ကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၈ ရက် နံနက် ၉ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ရေပြာကျေးရွာ အဝင်လမ်း အတိုင်း ဆိုင်ကယ်မောင်းနှင်လာသည့် အကြမ်းဖက်သမား အမျိုးသား နှစ်ဦးက ရေပြာအခြေခံပညာ အထက်တန်းကျောင်းအတွင်းသို့ လက်လုပ်အသံဗုံး တစ်လုံးဖြင့် ပစ်ပေါက် ထွက်ပြေးသွားခဲ့သဖြင့် ကျောင်း အနောက်တောင်ဘက်ရှိ အုတ်တံတိုင်းအတွင်းသို့ ကျရောက် ပေါက်ကွဲခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေ နှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိပြီး တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံး အနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့် လုပ်ရပ်ကို ကျူးလွန် ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက် အဖွဲ့များ၏ လှုပ်ရှားမှု သတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင် များနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်း ကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

---

***❋ ကျောဖုံးမှ***

ထိုကဲ့သို့ အကြမ်းဖက်သမားများအနေဖြင့် သာလွန်အင်အား အသုံးပြု၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နေ့စဉ် အကြိမ်ကြိမ် လာရောက်တိုက်ခိုက်ခဲ့သော်လည်း စခန်းရှိ အရာရှိ၊ စစ်သည်များ၏ ရဲဝံ့စွန့်စားသည့် စိတ်ဓာတ်ဖြင့် စနစ်တကျ တန်ပြန်ခုခံပစ်ခတ်မှုများကြောင့် စခန်း အား သိမ်းပိုက်နိုင်ခြင်းမရှိဘဲ အကြမ်းဖက်သမားများ အနေဖြင့် အကျအဆုံးများစွာရှိခဲ့ကြောင်း မြေပြင် သတင်းများအရသိရပြီး ယနေ့တွင်လည်း အကြမ်း ဖက်သမားများသည် စခန်းအား သိမ်းပိုက်ရရှိနိုင်ရေး အင်အားများ ထပ်မံဖြည့်တင်းကာ ၈ ကြိမ်တိုင်တိုင် လက်နက်ကြီး၊ လက်နက်ငယ် ပစ်ကူပစ်အား အသုံးပြု၍ ထိုးစစ်ဆင် တိုက်ခိုက်လာခဲ့သည်။

ဥကရစ်ထ စစ်ဆင်ရေး ခြေကုပ်စခန်းမှ တပ်မတော်သားများအနေဖြင့် ယခင်နေ့များ ကဲ့သို့ပင် ကြံ့ကြံ့ခံ ခုခံပစ်ခတ်ခဲ့သည့်အပြင် အထက်ဌာန များမှ လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူ



ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ ဥကရစ်ထစစ်ဆင်ရေး ခြေကုပ်စခန်းအား လာရောက်တိုက်ခိုက်သည့် PDF အမည်ခံအကြမ်းဖက်သမားများနှင့် KNLA ပူးပေါင်းအဖွဲ့များ ဆုတ်ခွာထွက်ပြေးမှုကို တွေ့ရစဉ်။

**ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ ဥကရစ်ထစစ်ဆင်ရေး ခြေကုပ်စခန်းအား PDF အမည်ခံအကြမ်းဖက်သမားများနှင့် KNLA ပူးပေါင်းအဖွဲ့တို့က အင်အားအလုံးအရင်းဖြင့် လာရောက်တိုက်ခိုက်သည့် ဖြစ်စဉ်နေရာပြပုံ**




တို့အား အချိန်ကိုက်၊ နေရာကိုက် ထိရောက်သော ပစ်ကူပစ်အားပေး၍ အကြမ်းဖက်သမားများအား ချေမှုန်းခဲ့သည်။ သတင်းဖော်ထုတ်ရရှိမှု၊ မြေပြင် သတင်းနှင့် အရပ်ဘက် သတင်းများအရ အကြမ်းဖက် သမားများအနေဖြင့် ထိခိုက်ကျဆုံးမှုများပြားလျက် ရှိပြီး အရှေ့ဘက်နှင့် အရှေ့မြောက်ဘက်သို့ စတင် ဆုတ်ခွာ ထွက်ပြေးလျက်ရှိကြောင်း သိရသည်။

နယ်စပ်ဒေသရှိ ဥကရစ်ထ စစ်ဆင်ရေးခြေကုပ် စခန်းအား မြေပြင်ချိတ်ဆက်မှု ရရှိနိုင်ရေးနှင့် အကြမ်းဖက်အဖွဲ့များအား တန်ပြန်ပိတ်ဆို့ ချေမှုန်း နိုင်ရေး တပ်မတော်စစ်ကြောင်းများက ချီတက် လျက်ရှိရာ စခန်းအနီး ရောက်ရှိနေပြီဖြစ်ကြောင်း နှင့် စခန်းအား လာရောက်တိုက်ခိုက်သည့် PDF အမည်ခံအကြမ်းဖက်သမားများနှင့် KNLA ပူးပေါင်း အဖွဲ့များ၊ ပတ်ဝန်းကျင်ရှိ အကြမ်းဖက်သမားများ အား ထိရောက်စွာ ဆက်လက်ချေမှုန်းသွားမည်ဖြစ် ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တရားမဝင်ကျွန်း၊ သစ်မာနှင့် အခြားအသား ၇၂ ဒသမ ၄၈၂၀ တန် ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်း ပါဝင်မှုဖြင့် လူထု အခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ ဇွန် ၂၀ ရက်မှ ၂၆ ရက်အထိ တရားမဝင်ကျွန်း ၃၂ ဒသမ ၄၂၀၆ တန်၊ သစ်မာ ၁၁ ဒသမ ၈၉၀၀ တန်၊ အခြား ၂၈ ဒသမ ၁၇၁၄ တန် စုစုပေါင်း ၇၂ ဒသမ ၄၈၂၀ တန်၊ တရားခံ (၃၀)၊ ယာဉ်/ယန္တရား (၁၅)စီး ဖမ်းဆီး ရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **မောင်သစ်တော**

---

# သနပ်ပင်မြို့နယ်၌ တိရစ္ဆာန်အစာပင် နေဗီယာမြက်စိုက်ပျိုးခြင်းနှင့် မြက်ချဉ်ဖတ်ပြုလုပ်ခြင်း သင်တန်းဖွင့်

**သနပ်ပင် ဇွန် ၂၉**

ပဲခူးခရိုင် သနပ်ပင်မြို့နယ် ဖရဲ ကျေးရွာရှိ ဓမ္မရက္ခိတ ဘုန်းတော် ကြီး ကျောင်း၌ ၂၀၂၂ ခုနှစ် တိရစ္ဆာန် အစာပင်စိုက်ပျိုးခြင်းနှင့် မြက်ချဉ်ဖတ် ပြုလုပ်ခြင်း သင်တန်းကို ဇွန် ၂၈ ရက် နံနက် ပိုင်းက ကျင်းပသည်။



အဆိုပါ သင်တန်းသို့ သနပ်ပင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်းထက် က အမှာစကားပြောကြားပြီး မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနမှ လက်ထောက်ညွှန်ကြား ရေးမှူး ဒေါက်တာ အေးအေး အောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ကျေးရွာ ပြည်သူများအား ရှင်းလင်း ပြောကြားသည်။

သနပ်ပင်မြို့နယ် အတွင်း တိရစ္ဆာန်အစာပင် နေဗီယာမြက် ကို ကျွဲ၊ နွား၊ တိရစ္ဆာန်များ နွေရာသီ အစာရှားပါးချိန်တွင် ကျွေးမွေးနိုင်ရန်အတွက် အစာ ချဉ်ဖတ်ပြုလုပ်၍ အစာရှားပါးချိန် တွင် ကျွေးမွေးနိုင်ပြီး မွေးမြူသူ တောင်သူများ အနေဖြင့်လည်း အစာကုန်ကျစရိတ် လျှော့ချနိုင် စေရန်၊ မွေးမြူရေးလုပ်ငန်းမှ အမြတ်အစွန်း များစွာရရှိပြီး တစ်ဖက်တစ်လမ်းမှ မိသားစုဝင် ငွေတိုးပွားစေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရ သည်။ **မြို့နယ်(ပြန်/ဆက်)**

---



# အုတ်ဖိုဲ့၌ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး

**အုတ်ဖို ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲမှ စိုက်ပျိုးစရိတ် ချေးငွေများကို တောင်သူများအား နှစ်စဉ် ထုတ်ချေးပေးလျက်ရှိရာ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မိုးစပါး စိုက်ပျိုးစရိတ် ချေးငွေများကို ဆက်လက်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

တောင်သူများအား မိုးစပါး စိုက်ပျိုးစရိတ် ချေးငွေများကို တစ်ဧက လျှင် ကျပ်တစ်သိန်းခွဲနှုန်း၊ တစ်နှစ် ၅ % အတိုးဖြင့် ထုတ်ချေးပေး ခြင်းဖြစ်ကြောင်း၊ ချေးငွေများထုတ်ချေးပေးရာတွင် ယခင်နှစ် ချေးငွေ များ အချိန်မီပြန်လည်ပေးဆပ်ပြီးသည့် တောင်သူများအား ဦးစားပေး ထုတ်ချေးပေးလျက်ရှိကြောင်း၊ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို စက်တင်ဘာလအထိ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ကျေးရွာ အုပ်စု ၁၄ အုပ်စုမှ တောင်သူ၄၇၂ ဦး၏ စိုက်ပျိုးဧက ၃၀၀၁ ဧကအတွက် ချေးငွေစုစုပေါင်း ငွေကျပ် ၄၆၅၁၅၀၀၀၀ ကို ထုတ်ချေးပေးထားပြီးဖြစ် ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲ မန်နေဂျာ ဒေါ်လွင်မာကြည်ထံမှ သိရသည်။ **အောင်သူ(ပြန်/ဆက်)**

# အိမ်ဖြူတော်က monkeypox ရောဂါကာကွယ်ဆေးများ ဖြန့်ဝေပေးတော့မည်

**ဝါရှင်တန်ဒီစီ ဇွန် ၂၉**

Monkeypox ရောဂါကူးစက်ဖြစ်ပွားမှုကို ဖြေရှင်းရန် အိမ်ဖြူတော်က monkeypox ရောဂါကာကွယ်ဆေးများကို နိုင်ငံတစ်ဝန်း စတင်ဖြန့်ဝေပေးတော့မည်ဖြစ်ကြောင်း ဇွန် ၂၈ ရက်က ပြောကြားလိုက်သည်။ အထူးသဖြင့် monkeypox ကူးစက်နိုင်ခြေရှိသည့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းရှိပြည်သူများကို အဓိကထား ဦးတည်ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်ကျန်းမာရေးနှင့် လူမှုဝန်ဆောင်မှုဌာနက monkeypox ကူးစက်ဖြစ်ပွားမှု မြင့်တက်သည့် ဒေသများသို့ ကာကွယ်ဆေး ၅၆၀၀၀ ခန့် ချက်ချင်းပို့ဆောင်ပေးတော့မည်ဖြစ်သည်။

လာမည့် သီတင်းပတ်အနည်းငယ်အတွင်း နောက်ထပ် monkeypox ကာကွယ်ဆေး ၂၄၀၀၀၀ ခန့်ထပ်မံဖြန့်ဝေပေးတော့မည်ဖြစ်သည်။

ထို့ပြင် စုစုပေါင်းကာကွယ်ဆေး ၁ ဒသမ ၆ သန်းလာမည့်လအနည်းငယ်အတွင်း ရရှိနိုင်မည်ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားလိုက်သည်။

monkeypox ကူးစက်ဖြစ်ပွားမှု မြင့်တက်နေသည့် ပြည်နယ်များတွင် ကယ်လီဖိုးနီးယား၊ နယူးယောက်၊ အီလီနွိုက်၊ ဖလော်ရီဒါနှင့် ဝါရှင်တန်ဒီစီတို့ ပါဝင်ကြောင်း အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးဌာန (စီဒီစီ)၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များအရ သိရသည်။

မိမိတို့သည် monkeypox ရောဂါကူးစက်ဖြစ်ပွားနေသူအတွက်သာမက မကြာသေးမီက monkeypox ကူးစက်ခံသူများအတွက်ပါ ကာကွယ်ဆေးများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း စီဒီစီညွှန်ကြားရေးမှူး ရိုချယ်လီဝယ်လန်စကီက ပြောသည်။




အမေရိကန်ပြည်ထောင်စုတွင် မေ ၁၈ ရက်က monkeypox စတင်တွေ့ရှိခဲ့သည်။ ယခုအချိန်အထိ အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်ပေါင်း ၂၈ ခုတွင် monkeypox ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသူ ၃၀၆ ဦးအထိ ရှိလာပြီဖြစ်ကြောင်း စီဒီစီ၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များအရ သိရသည်။

ဆင်ဟွာ

# တရားမဝင်ရွှေ့ပြောင်းလုပ်သား ၁၀၈ ဦး တူနီးရှားကမ်းခြေစောင့်တပ်ဖွဲ့ ကယ်တင်နိုင်ခဲ့

**တူနစ် ဇွန် ၂၉**



တူနီးရှားကမ်းခြေစောင့် တပ်ဖွဲ့သည် ကမ်းလွန်ပင်လယ်ပြင်တွင် တရားမဝင် ရွှေ့ပြောင်းလုပ်သား ၁၀၈ ဦးနှင့် ရုပ်အလောင်း ငါးလောင်းကိုကယ်ဆယ်နိုင်ခဲ့ကြောင်း တူနီးရှား ကမ်းခြေစောင့်တပ်ဖွဲ့က ဇွန် ၂၉ ရက်တွင် ပြောသည်။

နိုင်ငံ အရှေ့အလယ်ပိုင်း ကမ်းရိုးတန်းတွင် ဇွန် ၂၈ ရက် နှောင်းပိုင်းက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း အမျိုးသားကမ်းခြေစောင့်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဟိုစီမက်ဒင်းက ပြောသည်။ အီတလီကမ်းရိုးတန်းသို့ ဦးတည်လာသော အဆိုပါ ရွှေ့ပြောင်းလုပ်သားများတွင် အာဖရိက ရွှေ့ပြောင်းလုပ်သား ၁၀၄ ဦး ပါဝင်ကြောင်း သိရသည်။

တရားမဝင် တူနီးရှား ရွှေ့ပြောင်းလုပ်သား ၂၀၀၀ ကျော်သည် ယခုနှစ် ပထမငါးလအတွင်း အီတလီ ကမ်းရိုးတန်းများသို့ ရောက်ရှိခဲ့ကြောင်း စီးပွားရေးနှင့် လူမှုရေးအခွင့်အရေး တူနီးရှားဖိုရမ်ကထုတ်ပြန်သော နောက်ဆုံးအချက်အလက်အရ သိရသည်။

ဆင်ဟွာ

# ကိုလံဘီယာအနောက်ပိုင်း အကျဉ်းထောင်မီးလောင်၊ အကျဉ်းသား ၅၁ ဦးထက်မနည်းသေဆုံး

**ဘိုဂိုတာ ဇွန် ၂၉**

ကိုလံဘီယာအနောက်တောင်ပိုင်း တူလူအာမြို့ရှိ အကျဉ်းထောင်တစ်ခုတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ ၅၁ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၂၄ ဦး ဒဏ်ရာ ရရှိခဲ့ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောသည်။

အကျဉ်းထောင် အတွင်း အကျဉ်းသားများဆူပူပြီး မွေ့ရာများမီးတင်ရှို့ရာမှစကာ ယခုလို မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အကျဉ်းထောင်တွင် မီးသတ်စနစ်မရှိကြောင်း အမျိုးသားအကျဉ်းထောင် ညွှန်ကြားရေးမှူး တီတိုကက် စတယ်လာနို့စ်က ပြောကြားလိုက်သည်။ ပေါ့ပါး၍ သယ်ရလွယ်ကူသော မီးသတ်ဆေးဘူးများကို ကနဦးတွင် အသုံးပြုခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။

အကျဉ်းသား ၁၈၀ ခန့် နေထိုင်ရာ အကျဉ်းထောင်တွင် နံနက်စောစော၌ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း အထဲတွင် ကျန်ရှိသူများကို ကယ်ဆယ်ရန် လုပ်ဆောင်ခဲ့ကြောင်း၊ တချို့အစောင့်များသည် ထောင်သားများကို မီးဘေးမှ ကယ်တင်ရန် ကြိုးစားရင်း မီးလောင်ခဲ့ကြောင်း ၎င်းကပြောသည်။



ကိုလံဘီယာအနောက်တောင်ပိုင်း တူလူအာမြို့ရှိ အကျဉ်းထောင်အပြင်ဘက်တွင် လုံခြုံရေးများကို တွေ့ရစဉ်။

အစောင့်နှစ်ဦး အပါအဝင် ဒဏ်ရာရရှိသူများကို တူလူအာမီးသတ်သမားများက ဒေသဆေးရုံသို့ ခေါ်ဆောင်သွားခဲ့ကြောင်းနှင့် မီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ပြောကြားချက်အရ ဒဏ်ရာရရှိသူ ကိုးဦးကို အထူးကြပ်မတ်ကုသဆောင်သို့ ပို့ဆောင်ခဲ့ကြောင်းသိရသည်။

မီးလောင်မှုကြောင့် ထောင်သား ၄၉ ဦး သေဆုံးခဲ့သည်။ နှစ်ဦးမှာ ဆေးရုံသို့ ပို့ဆောင်ပြီးနောက် သေဆုံးခဲ့သည်။ မီးလောင်မှုဖြစ်စဉ်အတွင်း မည်သည့်အကျဉ်းသားမှ လွတ်မြောက်ခြင်းမရှိခဲ့ကြောင်း သိရသည်။ ဆင်ဟွာ

# ဗြိတိန်၌ monkeypox ရောဂါ ကူးစက်ခံရသူအရေအတွက် ၁၀၀၀ ကျော်လာ

**လန်ဒန် ဇွန် ၂၉**

ဗြိတိန်ကျန်းမာရေး လုံခြုံရေး အေဂျင်စီ (ယူကေအိတ်ချ်အက်စ်အေ)၏ ဇွန် ၂၈ ရက်က နောက်ဆုံးထုတ်ပြန်သော အချက်အလက်အရ ဗြိတိန်၌ monkeypox ရောဂါ ကူးစက်ခံရသူ အရေအတွက် ၁၀၇၆ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

ယူကေအိတ်ချ်အက်စ်အေ အရ ဗြိတိန်၌ ဇွန် ၂၆ ရက်အထိ monkeypox ဓာတ်ခွဲအတည်ပြုရောဂါ ကူးစက်ခံရသူ ၁၀၇၆ ဦးရှိပြီး စကော့တလန်မှ ၂၇ ဦး၊ မြောက်အိုင်ယာလန်မှ ငါးဦး၊ ဝေးလ်မှ ကိုးဦးနှင့် အင်္ဂလန်မှ ၁၀၃၅ ဦးတို့ဖြစ်ကြောင်း သိရ သည်။

ကမ္ဘာတစ်ဝန်းတွင် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၂၂ ရက်အထိ monkeypox ဓာတ်ခွဲအတည်ပြုလူနာ ၃၄၁၃ ဦးရှိလာပြီကြောင်း၊ အဆိုပါ ဓာတ်ခွဲအတည်ပြုလူနာ ၃၄၁၃ ဦးအနက် အများစုသည် ဥရောပဒေသမှဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။

ဗြိတိန်တွင် monkeypox ရောဂါဖြစ်ပွားမှုသည် မြင့်တက်လာလျက်ရှိပြီး နိုင်ငံတစ်ဝန်း တစ်ထောင်ကျော်လာကြောင်း၊ လာမည့်ရက်များအတွင်း monkeypox ရောဂါ ကူးစက်ခံရသူအရေအတွက် ထပ်မံမြင့်တက်လာဖွယ်ရှိကြောင်း ယူကေအိတ်ချ်အက်စ်အေမှ ညွှန်ကြားရေးမှူး ဆိုဖီယာမက်ကီက ပြောသည်။

ဆင်ဟွာ

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၇၇ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း ဇွန် ၂၉**

ဗီယက်နမ်နိုင်ငံသည် ဇွန် ၂၉ ရက် တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၇၇ ဦး ထပ်မံတွေ့ရှိပြီး ဇွန် ၂၈ ရက်ကထက် ရှစ်ဦး တိုးလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့ကြောင့် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်း ၁၀၇၄၅၆၃၁ ဦးအထိ ရှိလာပြီဖြစ်ပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကင်းစင်၍ ဆေးရုံမှဆင်းခွင့်ရရှိသူ ၉၆၇၅၃၅၉ ဦး (ရောဂါကူးစက်မှု၏ ၉၀ ရာခိုင်နှုန်းကျော်) ရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးထိုးနှံပြီးသူ ၂၀၅ ဒသမ ၄ သန်း အပါအဝင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူ စုစုပေါင်း ၂၃၁ ဒသမ ၅ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ဆင်ဟွာ

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၀၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၁၀ | ၂၂၄၅ | ၂၂၇၀ | ၂၂၅၅ | ၂၂၃၀ | ၂၃၂၅ | ၂၃၄၀ | ၂၂၄၀ | ၂၂၄၅ | ၂၂၈၀ | ၂၂၈၅ | ၂၂၈၅ | ၂၅၀၅ | ၂၇၇၅ |
| 95 Ron | ၂၂၉၀ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၃၃၅ | ၂၃၆၀ | ၂၃၄၅ | ၂၃၂၀ | ၂၄၁၅ | ၂၄၃၀ | ၂၃၃၀ | ၂၃၄၅ | ၂၃၇၀ | ၂၃၇၅ | ၂၃၇၅ | ၂၅၉၅ | ၂၈၃၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၃၀၃၀ |
| HSD (50 ppm) | ၂၄၆၅ | ၂၅၁၀ | ၂၅၁၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၃၅ | ၂၅၃၀ | ၂၄၉၅ | ၂၆၁၀ | ၂၆၀၅ | ၂၅၀၅ | ၂၅၁၅ | ၂၅၄၅ | ၂၅၅၀ | ၂၅၅၀ | ၂၇၇၀ | ၃၀၆၀ |
| HSD (10 ppm) | ၂၄၆၅ | ၂၅၁၀ | ၂၅၁၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၃၅ | ၂၅၃၀ | ၂၄၉၅ | ၂၆၁၀ | ၂၆၀၅ | ၂၅၀၅ | ၂၅၁၅ | ၂၅၄၅ | ၂၅၅၀ | ၂၅၅၀ | ၂၇၇၀ | ၃၀၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၉၆ | ၂၁၇၂ |
| 95 Ron | ၂၁၈၄ | ၂၂၆၁ |
| HSD (500 ppm) | ၂၃၂၆ | ၂၄၀၂ |
| HSD (50 ppm) | ၂၃၅၄ | ၂၄၃၀ |
| HSD (10 ppm) | ၂၃၅၄ | ၂၄၃၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## "အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့်အဖွဲ့အစည်း၏ (၁၀) ကြိမ်မြောက် ဂီတပွဲတော်" မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်




**နေပြည်တော် ဇွန် ၂၉**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့် တင်ဆက်လျက်ရှိရာ Friday Night Show ဆန်းသစ်တင်ဆက်မှုအဖြစ် **"အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့်အဖွဲ့အစည်း၏ (၁၀) ကြိမ်မြောက် ဂီတပွဲတော် " (10th ABU TV SONG FESTIVAL)** ဖျော်ဖြေမှုကို ဇူလိုင် ၁ ရက် သောကြာနေ့ ည (၈) နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အာရှ-ပစိဖိတ် ဒေသတွင်း ရုပ်သံလွှင့်အဖွဲ့အစည်း (ABU) တွင် မြန်မာနိုင်ငံ၏ MRTV သည် တင်းပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး ABU TV Song Festival ကို နှစ်စဉ် ကျင်းပလေ့ရှိရာ အဖွဲ့ဝင်နိုင်ငံများရှိ ရုပ်သံဌာနများမှ နာမည်ကြီး တေးသံရှင်များနှင့် တေးဂီတအဖွဲ့များ ပါဝင်ဆင်နွှဲကြကြောင်း၊ 10th ABU TV SONG FESTIVAL ဂီတပွဲတော်တွင် အဖွဲ့ဝင်နိုင်ငံများက ရိုက်ကူး ပေးပို့မှုများအနက်မှ အိန္ဒိယ၊ တူကီယဲ၊ တရုတ်(မကာအို)၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဂျပန်၊ ဘရူနိုင်း၊ မလေးရှားနှင့် ကာဇက်စတန်နိုင်ငံတို့မှ တေးသီချင်း ၁၀ ပုဒ်ကို ရွေးချယ်ထားရှိရာ အဆိုပါနိုင်ငံတကာတေးသီချင်း ဖျော်ဖြေတင်ဆက်မှုများကို ပရိသတ်များ ကြည့်ရှုခံစားနိုင်ရန်အတွက် စီစဉ်ထုတ်လွှင့်ခြင်း ဖြစ်ကြောင်း၊ ယင်းတင်ဆက်မှုကို ဇူလိုင် ၃ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## "(၃၈) ဖြာ မင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

**နေပြည်တော် ဇွန် ၂၉**

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာ ဗဟုသုတတိုးပွားစေရန်အပြင် ဇာတ်သဘင် ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် "(၃၈) ဖြာ မင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှစတင်၍ အပတ်စဉ် စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

**ဆက်လက်ပြသမည်**

အဆိုပါ (၃၈) ဖြာ မင်္ဂလာအစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာ ပါဝင်သည့် အတ္တသမ္မာပဏိဓိစ (မိမိကိုယ်ကိုကောင်းစွာ ဆောက်တည်ခြင်း) နှင့် ပုတ္တဒါရဿ သင်္ဂဟော (သား၊ မယားကို လုပ်ကျွေးခြင်း) အစီအစဉ် (၂) ခုကို ဇူလိုင် ၂ ရက် စနေနေ့ ည ၉ နာရီခန့်တွင် ဆက်လက်ပြသမည်ဖြစ်သည်။

ယင်းတင်ဆက်မှုကို နန်းတော်ရှေ့ဆရာတင်၏ မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်စုဝံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နန်းဝင်း (ရွှေနန်းသဘင်)၊ မိုးပြည့်ပြည့်မောင်၊ သော်သော်နန်းဝင်း (ရွှေနန်းသဘင်)၊ ထက်မြက်အောင်၊ ရန်ရှင်းမောင်နှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

**ပြန်လည်ပြသသွားမည်**

ထို့အပြင် ဇူလိုင် ၆ ရက် ဗုဒ္ဓဟူးနေ့တွင် အတ္တသမ္မာပဏိဓိစ (မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ခြင်း) နှင့် ဇူလိုင် ၇ ရက် ကြာသပတေးနေ့တွင် ပုတ္တဒါရဿ သင်္ဂဟော (သား၊ မယားကို လုပ်ကျွေးခြင်း) တို့ကို ညနေ ၆ နာရီ သတင်းအပြီး၌ တစ်ပိုင်းစီခွဲခြား၍ ပြန်လည် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ်၊ လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်




**နေပြည်တော် ဇွန် ၂၉**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၇၂) ကို ဇူလိုင် ၁ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် ခိုင်သဇင်ဦးတို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇူလိုင် ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HDမှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇွန် ၂၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၁၁ ရာခိုင်နှုန်းရှိ

(၂၉-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၄၄၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၆၇,၀၈၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၅၈၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၅၃၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၈-၆-၂၀၂၂) ရက်နေ့အထိ အသက်(၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၂၉,၈၇၁,၆၈၇) ဦးနှင့် အသက် (၁၈)နှစ်အောက် လူဦးရေစုစုပေါင်း (၅,၄၅၂,၃၀၄) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၂၉-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၇၅) ခု | (၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၅) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၂၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၈၂) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၁၀) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၄၄၆) ခု | (၂)ဦး |
| စုစုပေါင်း | (၅,၄၄၂) ခု | (၆)ဦး |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု**

(၂၈-၆-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၂၉,၈၇၁,၆၈၇ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၅,၄၅၂,၃၀၄ |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၉-၆-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၉၀၃၀၇၂၇ | ၈၄၇၀၈၅၉၉ | ၁၀၄၁၃၅၄ |
| ၂။ | အိန္ဒိယ | ၄၃၄၃၆၄၃၃ | ၄၂၈၀၈၆၆၆ | ၅၂၅၀၇၇ |
| ၃။ | ဘရာဇီး | ၃၂၂၀၇၀၈၂ | ၃၀၇၆၄၉၂၃ | ၆၇၀၉၀၀ |
| ၄။ | ပြင်သစ် | ၃၀၈၂၅၇၈၉ | ၂၉၅၆၃၇၇၆ | ၁၄၉၄၄၃ |
| ၅။ | ဂျာမနီ | ၂၈၀၄၈၁၉၀ | ၂၆၆၀၅၁၀၀ | ၁၄၁၀၂၂ |
| ၆။ | ဗြိတိန် | ၂၂၆၆၁၅၄၂ | ၂၂၁၃၂၃၈၇ | ၁၈၀၁၂၈ |
| ၇။ | ရုရှား | ၁၈၄၂၇၁၃၃ | ၁၇၈၅၄၉၆၂ | ၃၈၁၀၅၆ |
| ၈။ | တောင်ကိုရီးယား | ၁၈၃၄၉၇၅၆ | ၁၈၁၉၃၅၄၈ | ၂၄၅၃၇ |
| ၉။ | အီတလီ | ၁၈၃၄၃၄၂၂ | ၁၇၄၀၁၇၃၈ | ၁၆၈၂၃၄ |
| ၁၀။ | တူကီယဲ | ၁၅၀၉၆၆၉၆ | ၁၄၉၉၃၉၉၃ | ၉၉၀၁၅ |

## ၂၉-၆-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၄၅၆၃၁ | ၉၆၇၅၃၅၉ | ၄၃၀၈၇ |
| အင်ဒိုနီးရှား | ၆၀၈၆၂၁၂ | ၅၉၁၃၃၀၇ | ၁၅၆၇၃၁ |
| မလေးရှား | ၄၅၆၀၅၈၃ | ၄၄၉၇၀၇၈ | ၃၅၇၅၈ |
| ထိုင်း | ၄၅၂၀၂၂၀ | ၄၄၆၆၅၅၇ | ၃၀၆၃၇ |
| ဖိလစ်ပိုင် | ၃၇၀၃၁၀၀ | ၃၆၃၅၃၅၆ | ၆၀၅၄၂ |
| စင်ကာပူ | ၁၄၂၅၁၇၁ | ၁၃၃၀၃၇၆ | ၁၄၁၀ |
| မြန်မာ | ၆၁၃၅၈၃ | ၅၉၂၅၃၉ | ၁၉၄၃၄ |
| လာအို | ၂၁၀၂၇၈ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၁၆၂၃၁၁ | ၁၅၇၆၆၇ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၂၇၂ | ၁၃၃၂၀၆ | ၃၀၅၆ |

# ငါးရစ် / ငါးသန်ကာလ ငါးသယံဇာတထိန်းသိမ်းရေး ပူးပေါင်းပါဝင်ကူညီပေး

## ပင်လယ်ပြာ(ငါးဦးစီး)

**ငါးရစ်/ငါးသန်ကာလဖြစ်သည့် မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ဇူလိုင်လများတွင် မြစ်၊ချောင်း၊ အင်းအိုင်အနှံ့အပြား၌ ဥများဖြင့်ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန်နေရာရှာ၍ ငါးရစ်တက်လေ့ရှိကြသည်။**



ငါးရစ်ငါးဆိုသည်မှာ ငါးဥများ၊ မျိုးရည်များ ရင့်မာပြီး မျိုးပေါက်ပွားဖို့ရာ အသင့်ဖြစ်နေကြသည့် ငါးအထီး၊ ငါးအမအားလုံးကို ခြုံငုံပြီး ငါးရစ်ငါးဟု ခေါ်ကြခြင်းဖြစ်သည်။ ငါးများ ငါးရစ်တက်သည်ဆိုသည်မှာ မိုးဖြိုင်ဖြိုင်ရွာသည့် မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်၊ချောင်းများထဲမှ ငါးရစ်ငါးများသည် ရေစီးကြောင်းအတိုင်း ရေတိမ်ကွင်းများရှိရာဘက်ကို မြူးထူးစွာ ဆန်တက်ကူးခတ်ပြီး ဥချပေါက်ပွားရန် သွားကြသည်ကို ဆိုပါသည်။

ထိုငါးရစ်တက်နေသော ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်လေးများသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာငါးစားသုံးမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူ မပြုနိုင်တော့ဘဲ ငါးမျိုးပြုန်းတီးစေနိုင်သည်။

ငါးဆိုသည်က ဥရှိမှ အကောင်ဖြစ်လာပြီး အသေးရှိမှ အကြီးဖြစ်လာသည်မို့ မျိုးကျန်အောင်ချန်ထားပေးသင့်ပါသည်။ ငါးများဥချတော့မည့်အချိန်တွင် ဥများဖြင့်ဖောင်းကားနေသော မျိုးပွားတော့မည့် မျိုးငါးမကြီးများကို အကုန်အစင်ဖမ်းဆီးပစ်၊ စားသုံးပစ်လိုက်လျှင် တဖြည်းဖြည်း ငါးမျိုးများ မျိုးသုဉ်းပြုန်းတီးသွားမည်ဖြစ်သည်။

ယခုလို မိုးရာသီကာလရောက်ပြီဆိုလျှင် ငါးရစ်များတက်ချိန်၊ ငါးများ ဥဥချိန်ဖြစ်သဖြင့် ဈေးထဲတွင် ဥပါသောငါးတချို့ကို ရောင်းချနေကြသည်ကို တွေ့ကြရပါလိမ့်မည်။ အထူးသဖြင့် ဥပါသော ငါးပုဏ္ဏား၊ ငါးသလောက်၊ ငါးစင်ရိုင်းများကို တွေ့ကြရပါမည်။ သို့သော် ရေရှည်အကျိုးကိုသာ ရှုမျှော်ကြည့်တတ်မည်ဆိုပါက ငါးသလောက်ဥ၊ ငါးပုဏ္ဏားဥအပါအဝင် မည်သည့်ငါးဥကိုမှ မစားသင့်ပေ။

**❊ ယခုလို မိုးရာသီကာလရောက်ပြီဆိုလျှင် ငါးရစ်များတက်ချိန်၊ ငါးများ ဥဥချိန်ဖြစ်သဖြင့် ဈေးထဲတွင် ဥပါသောငါးတချို့ကို ရောင်းချနေကြသည်ကို တွေ့ကြရပါလိမ့်မည်။ အထူးသဖြင့် ဥပါသော ငါးပုဏ္ဏား၊ ငါးသလောက်၊ ငါးစင်ရိုင်းများကို တွေ့ကြရပါမည်။ သို့သော် ရေရှည်အကျိုးကိုသာ ရှုမျှော်ကြည့်တတ်မည်ဆိုပါက ငါးသလောက်ဥ၊ ငါးပုဏ္ဏားဥအပါအဝင် မည်သည့်ငါးဥကိုမှ မစားသင့်ပေ**

အဘယ်ကြောင့်ဆိုသော် ငါးဥအတွဲတစ်တွဲတွင် ငါးဥကလေးပေါင်း မြောက်မြားစွာ ပါရှိနေကြသည်။ ငါးဥအတွဲကြီး တစ်တွဲလုံးတွင်ပါရှိသော တစ်ခုချင်းစီသော ဥများအားလုံးသည် ငါးကြီးများအဖြစ် ရှင်သန်ပေါက်ပွားမလာနိုင်သည့်တိုင်အောင် ပျမ်းမျှအားဖြင့် ထိုငါးဥတွဲကြီး၏ သုံးပုံနှစ်ပုံခန့် သို့မဟုတ် ထက်ဝက်နီးပါးလောက်သော ဥများသည် ငါးကြီးများအဖြစ် မလွဲမသွေ ရှင်သန်ပေါက်ပွားလာကြပါလိမ့်မည်။






ထို့ကြောင့်လည်း ငါးလုပ်ငန်းဦးစီးဌာနသည် နှစ်စဉ်နှစ်တိုင်း ငါးရစ်တက်ချိန်၊ ငါးဥချချိန်များတွင် သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားစသည့် လူမှုဆက်သွယ်ရေးကွန်ရက်များမှတစ်ဆင့် "ဥနှင့် ငါးကိုပွားစေလို ငါးရစ်ဆိုမဖမ်းနဲ့"၊ "ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံးမျိုးမတုံး"၊ "ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွားရေရှည်စား" စသော ဆောင်ပုဒ်များအပါအဝင် ရေနေသယံဇာတ ထိန်းသိမ်းရေး ပညာပေးပိုစတာများ စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ငါးရစ်ငါးသန်နှင့် ရေနေသယံဇာတထိန်းသိမ်းရေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ အသံချဲ့စက်ဖြင့် ကြေညာခြင်းများ ပြုလုပ်လျက်ရှိသည်။

တားမြစ်ထားသော ငါးရစ်/ ငါးသန်ချိန်ကာလ (မေ၊ ဇွန်၊ ဇူလိုင်) လများတွင် သဘာဝရေပြင်မှ ငါး/ ပုစွန်များကို ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ ပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းဝယ်ခြင်း (သို့) အခြားနည်းဖြင့် တစ်စုံတစ်ရာနှောင့်ယှက်ခြင်း မပြုလုပ်ကြရန် တားမြစ်ထားပြီး ဖောက်ဖျက်ကျူးလွန်သူများသည် ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ (၆၂) အရ တရားစွဲဆို အရေးယူခြင်းခံရမည်ဖြစ်သဖြင့် ရှောင်ရှားကြပါရန် တိုက်တွန်းအပ်ပါသည်။

သို့ဖြစ်၍ ငါးသယံဇာတများ မပျောက်ပျက်ရလေအောင် ရေလုပ်သားများကလည်း ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်လေ့ရှိသော မိုးရာသီကာလတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသော ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ တာဝန်သိစိတ်ဖြင့် ဘေးမဲ့လွှတ်ပေးသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ချောင်းဆုံမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဆင်း

**ချောင်းဆုံ ဇွန် ၂၉**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အခြေခံစက်ချုပ်သင်တန်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယနေ့နံနက်ပိုင်းက သင်တန်းဆင်းပွဲ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်က သင်တန်းဆင်းအမှာ စကားပြောကြားကာ သင်တန်းဆရာများအား ဂါရဝလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နွယ်ဦးက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားတွင် တက်ရောက်လာသူများက သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အစားများကို ကြည့်ရှုခဲ့ကြသည်။ အဆိုပါသင်တန်းကို မေ ၁၆ ရက်မှ ဇွန် ၂၉ ရက်အထိ ၄၅ ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ ကျေးရွာမှ သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင်**
**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## အုတ်ဖိုမြို့ ဝါဆိုဦး(၂)လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ၃၀ ရာခိုင်နှုန်းပြီးစီး

**အုတ်ဖို ဇွန် ၂၉**

ဒေသခံပြည်သူများ သွားလာရေး လွယ်ကူစေရန်နှင့် မြို့တော်သာယာလှပရေးအတွက် ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့ ဝါဆိုဦး(၂)လမ်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ၃၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဒေသခံပြည်သူများ သွားလာရေး လွယ်ကူစေရန်နှင့် မြို့တော်သာယာလှပရေးအတွက် အရှည်ပေ ၄၀၀၊ အကျယ် ၁၀ ပေ၊ ထုရှစ်လက်မရှိ ကွန်ကရစ်လမ်းကို ခင်းခြင်းဖြစ်ကြောင်း၊ ရာနှုန်းပြည့်ပြီးစီးပါက ယင်းလမ်းအားအသုံးပြုလျက်ရှိသည့် ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ကျောင်းသား ကျောင်းသူများ၏ ပညာရေးတို့တွင် ပိုမိုအဆင်ပြေ ချောမွေ့လာနိုင်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဖြိုးဝေအောင်ထံမှ သိရသည်။

**အောင်သူ**



# တိုင်းဒေသကြီးနှင့် ပြည်နယ် သေနတ်ပစ်ပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးအသင်း တံခွန်စိုက်ဆုဖလား ဆွတ်ခူး

**ရန်ကုန် ဇွန် ၂၉**

၂၀၂၂-၂၀၂၃ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် သေနတ်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ယနေ့မွန်းလွဲ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်း အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

ပြိုင်ပွဲများအပြီး ၁၀ မီတာ လေပစ္စတို/ ၁၀ မီတာ လေရိုင်ဖယ် အမျိုးသား အမျိုးသမီး(အလွတ်တန်း)၊ ၂၅ မီတာပစ္စတိုအမျိုးသား အမျိုးသမီး(အလွတ်တန်း)၊ ၁၀ မီတာလေပစ္စတို/လေရိုင်ဖယ် အမျိုးသား အမျိုးသမီးတစ်ဦးချင်း/ အသင်းလိုက်၊ ၂၅ မီတာ ဗဟိုပစ္စတို အမျိုးသားတစ်ဦးချင်း၊၂၅မီတာ အားကစားပစ္စတို အမျိုးသမီးတစ်ဦးချင်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများကို တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေချုပ်ဦးဌေးအောင်၊ တိုင်းရင်းသားရေးရာဝန်ကြီးဦးစောဂျက်ကေဒ့ထူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အသင်းလိုက် ပြိုင်ပွဲတွင် စုစုပေါင်းရမှတ် ၃၂ မှတ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်ခဲ့ကြသည်။ အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်သေနတ်ပစ်ပြိုင်ပွဲတွင် အသင်းရှစ်သင်း၊ အားကစားသမား ၉၄ ဦးတို့သည် ဇွန် ၂၄ ရက်မှ ၂၉ ရက်အထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။



**အာကာစိုး**

# ကမ်းပြိုအန္တရာယ်ကြောင့် နေအိမ်သုံးလုံး အချိန်မီပြောင်းရွှေ့

**ငါးသိုင်းချောင်း ဇွန် ၂၉**



ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ရေသည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဇွန် ၂၉ ရက် နံနက် ၆ နာရီ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေအမှတ်အောက် ၁၀၅၄ စင်တီမီတာသို့ ရောက်ရှိနေကြောင်း သိရသည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းက ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ကမ်းဘေးရှိ ငဝန်ရပ်ကွက် ပိုက်သောင်ကူးတို့ဆိပ်အနီးတွင် မြစ်ရေမြင့်တက်၍ ရေတိုက်စားမှုကြောင့် မြစ်ကမ်းပြိုကျမှု ဖြစ်ပေါ်ခဲ့ပြီး ကမ်းပြိုအန္တရာယ် နီးကပ်လျက်ရှိသည့် သွပ်မိုး၊ ထရံကာ၊ ဝါးခင်း နေအိမ်နှစ်လုံး၊ ဓနိမိုး၊ ထရံကာ၊ ဝါးခင်းနေအိမ်တစ်လုံး စုစုပေါင်း နေအိမ်သုံးလုံးကို မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေမီးသတ်စခန်းရှာဖွေ ကယ်ဆယ်ရေးအဖွဲ့၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများက အဆိုပါ နေအိမ်သုံးလုံးကို အချိန်မီဖြိုဖျက်ပြောင်းရွှေ့ပေးခဲ့ပြီး အိမ်ထောင်စု သုံးစု၊ မိသားစုဝင်စုစုပေါင်း ၁၇ ဦးအား ငဝန်ရပ်ကွက် ကျွန်းဦးတာကြီးတန်းလမ်း ဘောလုံးကွင်းမြေကွက်လပ်သို့ ယာယီဝိုင်းဝန်းကူညီပြောင်းရွှေ့ပေးခဲ့သည်။

အဆိုပါ မြစ်ကမ်းဘေးနေရာ၌ လွန်ခဲ့သော မေ ၂၇ ရက်က မြစ်ကမ်းပါးပြိုကျမှု အန္တရာယ်ကြောင့် နေအိမ် ၁၇ လုံး ပြောင်းရွှေ့ပေးခဲ့ရပြီး ယခုမြစ်ရေမြင့်တက်လာချိန်၌လည်း မြစ်ကမ်းပြိုကျမှု ဆက်လက် ဖြစ်ပေါ်လျက်ရှိသည့်အတွက် နေအိမ်သုံးလုံးထပ်မံပြောင်းရွှေ့ခဲ့ရကြောင်း၊ အဆိုပါ ဖြစ်စဉ်ကြောင့် အသက်အန္တရာယ်နှင့် အခြားထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်း၊ ယာယီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ ဌာနအဆင့်ဆင့်သို့ ချိတ်ဆက် အကူအညီတောင်းခံဆောင်ရွက်ခြင်းနှင့် မြစ်ကမ်းပြိုကျမှုအန္တရာယ်ကို ဆက်လက်သတိပြု စောင့်ကြည့်ဆောင်ရွက်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြို့အုပ်ချုပ်ရေးမှူး ဦးရဲထက်အောင်က ပြောကြားသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

# မုန်တိုင်းနှင့်ပတ်သက်သော အရောင်အဆင့် သတ်မှတ်ချက်များ

## အဝါရောင်အဆင့်

အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေပြီး မုန်တိုင်း၏အခြေအနေကို သတိထားနိုင်ရန်။

## လိမ္မော်ရောင်အဆင့်

လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ပြောင်းလဲမှုကို အထူးသတိထားစောင့်ကြည့်နိုင်ရန်။

## အနီရောင်အဆင့်

အနီရောင်အဆင့်သည်ကမ်းရိုးတန်းသို့ ၁၂ နာရီနောက်ပိုင်းမုန်တိုင်းရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သဖြင့် လုံခြုံစိတ်ချရသည့် နေရာများသို့ ပြောင်းရွှေ့နေရာယူရန်။

## အညိုရောင်အဆင့်

အညို ရောင်အဆင့်သည် မုန်တိုင်းအန္တရာယ်ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသည့် နေရာတွင် ခိုလှုံပြီးစီးရန်။

## အစိမ်းရောင်အဆင့်

အစိမ်းရောင်အဆင့်သည် မုန်တိုင်းအားပျော့ ပျက်ပြယ်သွားပြီဖြစ်ပြီး မိမိတို့၏ နေအိမ်များသို့ ပြန်နိုင်သောအခြေအနေဖြစ်ကြောင်း သတ်မှတ်ထားပါသည်။

# မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လွယ်ဂျယ်-မိုးမောက် ကားလမ်းပိုင်းပျက်စီး ယာဉ်ငယ်များသာသွားလာနိုင်ပြီး ကုန်တင်ယာဉ်များ သွားလာနိုင်ခြင်းမရှိ

**လွယ်ဂျယ် ဇွန် ၂၉**

မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ဇွန် ၂၉ ရက် နံနက် ၁၁ နာရီခန့်တွင် လွယ်ဂျယ်- မိုးမောက်သွား ကားလမ်းမကြီး မြေသားနိမ့်ကျပျက်စီးမှုဖြစ်၍ ယာဉ်ငယ်များသာ သွားလာနိုင်ပြီး ကုန်တင်ယာဉ်ကြီးများ ရပ်နားထားရကြောင်း သိရသည်။



လမ်းပျက်စီးရာသို့ မြို့အုပ်ချုပ်ရေးမှူး ဦးယဉ်မင်းထွန်း၊ နယ်မြေခံစခန်းမှူး ရဲအုပ် လင်းအောင်တို့က သွားရောက်ကြည့်ရှုစစ်ဆေးရာ လွယ်ဂျယ်-မိုးမောက် ကားလမ်းမိုင်တိုင် အမှတ်(၄၄) အနီးတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေသား အရှည်ပေ ၁၂၀ ခန့်သည် အနက်တစ်ပေခန့် မြေသားနိမ့်ကျပျက်စီးနေကြောင်း သိရသည်။ အဆိုပါ ပျက်စီးနေသော လမ်းပိုင်းကို ပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်ရေး၊ ကုန်တင်ယာဉ်ကြီးများ သွားလာနိုင်ရေးအတွက် လမ်းဦးစီးဌာနနှင့် ဟုန်ရှင်းကျန်းဘ လမ်းဆောက်လုပ်ရေးကုမ္ပဏီတို့မှ စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**လွယ်ဂျယ်(ပြန်/ဆက်)**

# တံတားဦးမြို့နယ်၌ ဧရာဝတီမြစ်ရေနှင့် ဒုဋ္ဌဝတီမြစ်ရေဝင်ရောက်မှုကြောင့် အခြေခံပညာကျောင်းအချို့ ခေတ္တယာယီပိတ်ထား

**တံတားဦး ဇွန် ၂၇**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်တွင် ဧရာဝတီမြစ်ရေနှင့် ဒုဋ္ဌဝတီ မြစ်ရေသည် ဇွန် ၂၃ ရက်မှ စတင်၍ တံတားဦးမြို့နယ်အတွင်းရှိ မြစ်ကမ်းပါးနှင့်နီးသောကျေးရွာများ၊ အခြေခံပညာကျောင်းအချို့သို့ ရေများစတင်ဝင်ရောက်လျက်ရှိသည်။

ထိုမြစ်ရေဝင်ရောက်မှုကြောင့် တံတားဦးမြို့နယ်၌ အခြေခံပညာကျောင်းများဖြစ်သော အ.ထ.က မြေငူမူလွန်လက်ဆောင်ယူကျောင်းနှင့် အ.မ.က ဇီးပင်ကွေ့ကျောင်းများကို ယနေ့နံနက်ပိုင်းမှ စတင်၍ခေတ္တယာယီပိတ်ထားကြောင်း၊ မြေငူအခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသား ၂၁၄ ဦး၊ ကျောင်းသူ ၂၃၄ ဦး၊ မူလွန်လက်ဆောင်ယူကျောင်းတွင် ကျောင်းသား ၁၂၃ ဦး၊ ကျောင်းသူ ၁၀၅ ဦး၊ အ.မ.က ဇီးပင်ကွေ့ကျောင်းတွင် ကျောင်းသား ၄၄ ဦး၊ ကျောင်းသူ ၄၆ ဦးရှိပြီး ထိုကျောင်းသားကျောင်းသူများအား ရေများပြန်လည်ကျသည့်အခါ စနေနေ့ ကျောင်းပိတ်ရက်များတွင် အစားထိုးဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဦးကျော်ကျော်မွန်ထံမှ သိရသည်။



အဆိုပါ မြစ်ရေဝင်ရောက်မှုကြောင့် တံတားဦးမြို့နယ်၌ ရပ်ကွက်တစ်ရပ်ကွက် ကျေးရွာအုပ်စုကိုးအုပ်စု ကျေးရွာပေါင်း ၁၇ ရွာရှိအိမ်ထောင်စုပေါင်း ၃၆၂ စု၊ လူဦးရေပေါင်း ၁၄၇၂ ဦး၊ တိရစ္ဆာန်ပေါင်း ၉၃၈ ကောင်တို့ ကို ရေလွတ်ရာကုန်းမြင့်နေရာများ၊ နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များသို့ပြောင်းရွှေ့နေထိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။ **ဦးရဲတင့်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၆-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

၀၆:၀၀ ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဒီဗိုက ရေစီးသိုရာဝယ်
၀၉:၄၀ တောင်ဘက်ပိုင်းတိုင်းအလှတနင်္သာရီမှ ပြည်ထောင်စုလမ်းမကြီးများ(အပိုင်း-၁)
၁၀:၀၀ သတင်းထဲကသတင်း
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး' (အပိုင်း-၁၆)
၁၃:၃၀ MRTV National News
၁၅:၄၀ ကြွေလည်းဝေမြဲတမ်းတဆဲ
၁၆:၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၁၇:၁၀ Soccer View
၁၇:၃၀ လူမှုစီးပွားမြင်ကွင်းများ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ '(၃၀)ဖြာမင်္ဂလာ' (ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) 'ဝမ္မဝရိယာဝ'
၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'ကျွန်တော်ချစ်သောမိန်းမများ' (အပိုင်း-၁၁)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၂၃)
၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း 'ညတောင့်'

**mitv**

07:01 Dhamma Set Taw (Sein Lei Lei)
07:07 From Bamboo Strip to Sublime Buddha
07:30 Tahbuhla Dam & Oakkan Chaungtha
07:41 Ecstasy of Life
07:47 Well-trained Elephants
08:01 Discovering Tribes: Da Nu (Their Life and Customs) (Part - 2)
08:20 Myanma Agarwood
08:35 Myanmar Perspective (Myanmar Geopolitical Aspect)
09:01 News
09:27 Tobacco Pipe Making Business (Ywar Lut Village)
09:33 History And Mystery Behind The Caves
10:02 Mote Khwe Late from Intaing Village

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** လျှာလည်သွားစေမယ့်ခရုသုပ်
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** စာပေစကားပြောကြရအောင် (အပိုင်း-၄)
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** ကြက်သားတုံးကြော်
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၃)
**မွန် (၁၀:၀၀ မှ ၁၂:၀၀)** ထန်းပင်ပေါ်ကတို့ပေပေ
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ဝလေ့ရှိရာသမက်တက်မင်္ဂလာ
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** မောတို့ဌာနေမြို့ညောင်ရွှေနှင့်အင်းလေးအလှ
**ဝ (၁၆:၀၀ မှ ၁၈:၀၀)** ယသ်နနထုပ်ခွံဖြင့်လူ့အသုံးအဆောင်ပြုလုပ်ခြင်း
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)** မြန်မာ့မြေမှုစိုက်ပျိုးစီးပွားလူမှုဘဝများ (ဝက်အူချောင်းနှင့်ငှက်ပျောစိုက်ခင်း)
**ကယား (၂၀:၀၀ မှ ၂၂:၀၀)** ကယားတိုင်းရင်းသားတို့ရဲ့ ကယားလို 'ငိုးအီရိုး' (ခေါ်)တေး
**ပကောကရင် (၂၂:၀၀ မှ ၂၃:၀၀)** ဂန္ထဝင်ဆန်တဲ့အချစ် (အပိုင်း-၄)(ဇာတ်လမ်း)

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၄၅ လူ့ဘဝထဲကကော်ဖီ
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၂၀ သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အငှ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)
၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၃)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၀ ကမ္ဘာ့ရာပြည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဝုဏ်ပြုအစီအစဉ်
၀၇:၀၀ တောင်သူများပါဝင်ဆင်နွှဲ နိုင်ငံတကာ လယ်ယာသုံးစက်ကိရိယာပြပွဲ
၀၈:၁၅ ကေတုမတီမှလယ်ကွင်းများဆီသို့
၀၈:၅၀ ပဲ၊ နှမ်းစိုက်ပျိုးဝင်ငွေတိုး
၀၉:၂၅ စပ်မျိုးစပါးနှင့်တို့တောင်သူ

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၇)နာရီ (၆)ကြိမ်နှုန်း (၄၂)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်းသို့တက်ရောက်



နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာ ရပ်ကွက်ရှိ ဓမ္မာရုံ၌ ဇွန် ၂၇ ရက်က နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းသည် ဒေသထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံ တန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင်က ယခုကဲ့သို့ နည်းပညာသင်တန်းများကို အခမဲ့ သင်ကြားပို့ချပေးသည့် အတွက် ဒေသအတွက် ဝမ်းမြောက်မိကြောင်း၊ သင်တန်းသားများ အနေဖြင့် သင်တန်းပြီးမြောက်ပါက တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းငယ်များ ထူထောင်နိုင်ပြီး ကျေးရွာ/ရပ်ကွက်နေ ပြည်သူများ အနေဖြင့်လည်း အလုပ်အကိုင် အခွင့်အလမ်းများရရှိ၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်ကြားပေးသည့် ဘာသာရပ်များကို ကိုယ်ပိုင် လုပ်ငန်းငယ်များ ထူထောင်နိုင်သည်အထိ ကြိုးစားသင်ယူ လေ့လာသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးအေးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို လည်းကောင်း၊ နေပြည်တော် စားသုံးသူရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ ဇော်လွင်က ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် အစားအသောက်များ စစ်ဆေးမှတ်ပုံတင်ခြင်းကိစ္စရပ်များကို လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်းက သင်တန်းနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းသည် ဥတ္တရသီရိမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည့် စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သည့် လိုအပ်ချက်များကို အထောက်အကူပြုသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေး တွေ့ရှိချက် တင်ပြမှုအပေါ် ညှိနှိုင်း ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ သင်တန်းသို့ ဥတ္တရသီရိမြို့နယ် အတွင်းရှိ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်းနှင့် သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည် ဖြစ်သည်။

မြို့နယ်(ပြန်/ဆက်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉- ၆ - ၂၀၂၂

**ရွှေ**

၂၉-၆-၂၀၂၂ ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၂၀၆၂၀၀၀ |
| ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၄၀၇၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၂၅ ကျပ် | ၂၆၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၅၀ ကျပ် | ၂၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၈၀ ကျပ် | ၂၂၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၇၀ ကျပ် | ၂၃၂၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၄၅ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၁ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၆၀၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၅၇ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၀ . ၄၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၆ . ၁၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၄၂၈ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၅၀၀ | ၇၅၀၀ | ၂၂ | ၁၆၄၅၀၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၄၀၈ | ၁၀၈၁၂၀၀ |
| MCB | ၇၁၀၀ | ၇၁၀၀ | ၁၄ | ၉၉၄၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၂၀ | ၅၀၀၀၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၁၀ | ၂၆၀၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂ | ၁၀၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ဒေတာ 200MB နှင့် ဖုန်းဘေလ် ၅၀၀၀ ကျပ် လက်ဆောင်ရမည့် အက်တမ်စတိုး အက်ပလီကေးရှင်းသစ် မိတ်ဆက်

**ရန်ကုန် ဇွန် ၂၉**

အက်တမ် (ATOM) အမှတ်တံဆိပ်သစ်ကို မိတ်ဆက်ပြီး နှစ်ပတ်အကြာတွင် အက်တမ်အနေဖြင့် သုံးစွဲရလွယ်ကူပြီး ပိုမိုကောင်းမွန်သည့် စွမ်းဆောင်ရည်များရှိသော အက်တမ်စတိုး အက်ပလီကေးရှင်းအသစ်ကို မိတ်ဆက်ထားပြီဖြစ်ပြီး အက်တမ်ဆင်းကတ်များကို အသုံးပြုနေသူများအနေဖြင့် အက်ပလီကေးရှင်းကို ဒေါင်းလုပ်ဆွဲပြီး အင်စတောလ်လုပ်ခြင်းဖြင့် ဒေတာ ၂၀၀ MB နှင့်အတူ ဖုန်းခေါ်ခြင်း၊ စာတိုပို့ခြင်းများအတွက် သုံးစွဲနိုင်မည့် ဖုန်းဘေလ် ၅၀၀၀ ကျပ်ကို လက်ဆောင်ရရှိမည်ဖြစ်ကြောင်း သိရသည်။

အက်တမ်သုံးစွဲသူများအနေဖြင့် အက်တမ်စတိုး အက်ပလီကေးရှင်းကို ဇွန် ၂၀ ရက်မှစ၍ ဒေါင်းလုပ်ဆွဲနိုင်ပြီး အန်းဒရွိုက်ဖုန်းများအတွက် အက်တမ်စတိုး အက်ပလီကေးရှင်းကို Google PlayStore မှတစ်ဆင့်ဖြစ်စေ၊ နံပါတ် 500 သို့ "APP" ဟု စာတိုပေးပို့၍ သို့မဟုတ် နံပါတ် *979*5*5# ကို ခေါ်ဆို၍ ပြန်ရလာမည့် ဒေါင်းလုပ်လင့်မှဖြစ်စေ ဒေါင်းလုဒ်ဆွဲ ရယူနိုင်မည်ဖြစ်ကာ iOS အသုံးပြုသူများအနေဖြင့်လည်း မကြာမီရက်သတ္တပတ်များအတွင်း အက်ပ်စတိုးမှတစ်ဆင့် အက်တမ်အက်ပလီကေးရှင်းအသစ်ကို ရနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခင်က My Telenor အက်ပလီကေးရှင်းကို အသုံးပြုနေသူများသည် အက်တမ်စတိုး အက်ပလီကေးရှင်းကို အင်စတောလုပ်ပြီးသည်နှင့် လက်ကျန်ငွေ၊ ဝယ်ယူထားသောပက်ကေ့များ စသည်တို့ကို အက်တမ်စတိုးအက်ပလီကေးရှင်းထဲတွင် ဆက်လက်ကြည့်ရှုနိုင်မည်ဖြစ်သည်။ ထို့အပြင် ပက်ကေ့အသစ်များ ဝယ်ယူခြင်းကို အက်တမ်စတိုးတွင် ပြုလုပ်နိုင်သလို ဒေတာနှင့် ဖုန်းခေါ်ဆိုမှု ပက်ကေ့များအတွက် ရှယ်Shake အစီအစဉ်ကိုလည်း အက်တမ်စတိုးတွင် ဆက်လက်ပြုလုပ်နိုင်သည်။ ထို့အပြင် ရွှေလယ်တောဂိမ်း၊ ရသ၊ ရွှေနားဆင်၊ Wellness နှင့် ATOM Zay စသည်တို့ အပါအဝင် အက်တမ်၏ အခြားအစီအစဉ်များစွာကိုလည်း အက်တမ်စတိုး အက်ပလီကေးရှင်းတွင် အသုံးပြုနိုင်မည်ဖြစ်သည်။

အသစ်မိတ်ဆက်လိုက်သည့် အက်တမ်စတိုး အက်ပလီကေးရှင်းသည် ပိုမိုကောင်းမွန်သည့် ဒစ်ဂျစ်တယ် အသုံးပြုမှုဆိုင်ရာ လုပ်ဆောင်မှုများနှင့်အတူ သုံးစွဲရလွယ်ကူစေမည့် အတွေ့အကြုံကို ဆက်လက်ရရှိစေမည်ဖြစ်ကြောင်း၊ သန်းပေါင်းများစွာတန်သော ဆုလက်ဆောင်များနှင့်အတူ ဂိမ်းအစီအစဉ်များကိုလည်း မိတ်ဆက်သွားမည်ဖြစ်ကြောင်း၊ အက်တမ်စတိုး အက်ပလီကေးရှင်းအသစ်သည် သုံးစွဲသူများအတွက် နေ့စဉ် မရှိမဖြစ်လိုအပ်သော အက်ပလီကေးရှင်းတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း အက်တမ်၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ကိုစိုး**




## TikTok အသုံးပြုသူများအတွက် အချိန်ကန့်သတ်မည့် လုပ်ဆောင်ချက်နှစ်မျိုး ထည့်သွင်းထား

**ရန်ကုန် ဇွန် ၂၉**

TikTok ကို အသုံးပြုသူများအနက် ၁၈ နှစ်အထက် အသုံးပြုသူများအနေဖြင့် နေ့စဉ် မိမိတို့အသုံးပြုချိန်ကို စိတ်ကြိုက်ကန့်သတ်နိုင်မည့် လုပ်ဆောင်ချက်နှင့် အသက် ၁၃ နှစ်မှ ၁၇ နှစ်ကြား အသုံးပြုသူများအတွက် တစ်ရက်လျှင် မိနစ် ၁၀၀ ကျော် အသုံးပြုပါက အသုံးပြုချိန်ကန့်သတ်နိုင်သည့် နည်းပညာဖြင့် သတိပေးသွားမည့် လုပ်ဆောင်ချက်တို့ကို ဇွန်လလယ်ပိုင်းမှစ၍ မိတ်ဆက်ထည့်သွင်းပေးထားပြီဖြစ်ကြောင်း သိရသည်။

အသက် ၁၈ နှစ်နှင့်အထက် အသုံးပြုသူများသည် နေ့စဉ် TikTok သုံးချိန်ကို အသုံးပြုသူစိတ်ကြိုက် ကန့်သတ်နိုင်မည်ဖြစ်သည်။ အသုံးပြုသူများက တစ်ထိုင်တည်းတွင် TikTok ကို အချိန်မည်မျှကြာအောင် သုံးစွဲမည်ကို ကန့်သတ်ထားနိုင်မည်ဖြစ်ကာ သတ်မှတ်ချိန်ပြည့်ပါက အသုံးပြုသူများအနေဖြင့် ခေတ္တအနားယူရန် TikTok က သတိပေးသွားမည်ဖြစ်သည်။ ထို့အပြင် TikTok ကို အသုံးပြုချိန်များကို ဖော်ပြသည့် Dashboard အသစ်တွင်လည်း TikTok ကို သုံးနေသည့် အချိန်များအကြောင်း၊ နေ့စဉ် အက်ပလီကေးရှင်းအသုံးပြုသည့် အချိန်အကျဉ်းချုပ်၊ အပ်ပလီကေးရှင်းကိုဖွင့်သည့် အကြိမ်အရေအတွက်နှင့် အသုံးပြုသည့် ကြာချိန်များ၊ နေ့အချိန်နှင့် ညအချိန် ခွဲခြမ်းစိတ်ဖြာခြင်းစသည့် ဒေတာများကို ဖော်ပြပေးမည်ဖြစ်သည်။ အသုံးပြုသူများအနေဖြင့် ၎င်းတို့၏အသုံးပြုချိန်များကို ပြန်လည်သုံးသပ်နိုင်ရန် အပတ်စဉ်အသိပေးချက်များကိုလည်း တောင်းဆိုလိုက TikTok တွင် တောင်းဆိုနိုင်မည်ဖြစ်ကြောင်း သိရသည်။




ထို့အပြင် အသက် ၁၃ နှစ်မှ ၁၇ နှစ်ကြား အသုံးပြုသူများအတွက်လည်း တစ်ရက်တည်းအတွင်း မိနစ် ၁၀၀ ထက်ပို၍ အက်ပလီကေးရှင်းကို အသုံးပြုသောအခါ အက်ပလီကေးရှင်းကို နောက်တစ်ကြိမ်ဖွင့်သည်နှင့် အသုံးပြုချိန်ကန့်သတ်နိုင်သည့် နည်းပညာဖြင့် သတိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အသုံးပြုသူများသည် TikTok အပါအဝင် ဒစ်ဂျစ်တယ်အက်ပလီကေးရှင်းများကို အချိန်အကန့်အသတ်ဖြင့် အသုံးပြုခြင်းဖြင့် အခြားလုပ်ငန်းဆောင်တာများအပေါ်တွင်လည်း အချိန်ပေးလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဆိုရှယ်မီဒီယာများတွင် လိုအပ်သည်ထက်အချိန်ဖြုန်းမှုများ လျော့ကျသွားစေမည်ဖြစ်ပြီး အချိန်၏ အကျိုးကျေးဇူးများကိုလည်း ပြန်လည်သုံးသပ်နိုင်မည်ဖြစ်ကြောင်း TikTok ၏ မြန်မာနိုင်ငံမှ Digital Literacy Hub တာဝန်ရှိသူက ပြောကြားသည်။ TikTok အနေဖြင့် ဒစ်ဂျစ်တယ်ကျန်းမာရေးတွင် ရင်းနှီးမြှုပ်နှံခြင်း အစီအစဉ်များကိုလည်း ဆက်လက်လုပ်ဆောင်သွားမည်ဟု မြန်မာဘာသာဖြင့်ထုတ်ပြန်သည့် TikTok ၏ သတင်းခန်းဝက်ဘ်ဆိုက်စာမျက်နှာတွင် ဖော်ပြထားသည်။

**ကိုစိုး**

**New Product**

## ဂူဂဲလ်ဆားဗစ်တွေ ပြန်ပါလာတဲ့ Honor X7 စမတ်ဖုန်းသစ်

ယခင်က ပြည်တွင်းမှာ ဈေးကွက်အခိုင်အမာရှိခဲ့ပြီး နောက်ပိုင်းမှာ ဂူဂဲလ်ဝန်ဆောင်မှုတွေကို အသုံးမပြုနိုင်ခဲ့လို့ လူကြိုက်နည်းသွားခဲ့ရတဲ့ Honor ဖုန်းအမှတ်တံဆိပ်ဟာ အခုအခါမှာတော့ ပြည်တွင်းဈေးကွက်ထဲကို ဂူဂဲလ်ဝန်ဆောင်မှုရတဲ့ ဖုန်းမော်ဒယ်သုံးမျိုးဖြစ်တဲ့ Honor X7, X8 နဲ့ X9 တို့နဲ့အတူ ပြန်ဝင်လာတော့မှာဖြစ်ပါတယ်။ ဖုန်းမော်ဒယ်သုံးမျိုးအနက် X7 ကို ဒီနေ့ ဇွန် ၂၈ ရက်မှာ Honor Myanmar က တရားဝင်စတင်ရောင်းချနေပြီဖြစ်လို့ Honor X7 ဖုန်းရဲ့ အချက်အလက်တွေကို ဖော်ပြလိုက်ပါတယ်။ X8 နဲ့ X9 တို့ကိုတော့ မကြာမီ ဆက်လက်ရောင်းချမယ်လို့ သိရပါတယ်။



| | |
|---|---|
| မျက်နှာပြင်အကျယ် | ၆ ဒသမ ၇၄ လက်မ |
| မျက်နှာပြင်အမျိုးအစား | IPS LCD, 90Hz |
| Resolution | 720 x 1600 pixels |
| အန်းဒရွိုက်ဗားရှင်းနဲ့ UI | Android 11, Magic UI 4.2 |
| Chipset | 6nm Power–efficient Snapdragon 680 |
| CPU | Octa–core |
| RAM | 4 GB &  turbo +2 GB |
| Storage | 128 GB (microSD ကတ်ထပ်စိုက်နိုင်) |
| ပင်မကင်မရာ | 48 + 5 + 2 + 2 MP (Quad Cam) |
| ဆယ်လ်ဖီကင်မရာ | 8 MP |
| USB | Type–C 2.0, On–The–Go |
| ဘက်ထရီ | Li–Po 5000 mAh |
| အားသွင်းစနစ် | 22.5W အမြန်အားသွင်းစနစ် |

ဂူဂဲလ်ဝန်ဆောင်မှုတွေပြန်ပါပြီး စတင်ရောင်းချတဲ့ ပထမဆုံး Honor ဖုန်းဖြစ်တာကြောင့် ဈေးကွက်ထဲမှာ 7X ကို စိတ်ဝင်စားမှုများနေသလို အချို့ကတော့ နောက်ထပ်ဝင်လာမယ့် 8X နဲ့ 9X တို့နဲ့ စွမ်းဆောင်ရည်နဲ့ဈေးနှုန်းပိုင်းယှဉ်ပြီး စောင့်ဆိုင်းနေကြတာလည်းရှိပါတယ်။ Honor 7X ဖုန်းရဲ့ ဈေးနှုန်းက ကျပ် ၃၃၉၀၀၀ ဖြစ်ပါတယ်။

**ကျော်ဇင်ဦး**

**Knowledge**

## ၂၆ နှစ်ကျော်အကြာတွင် အပြီးဖျက်သိမ်းလိုက်ပြီဖြစ်သည့် မိုက်ခရိုဆော့ဖ်၏ Internet Explorer ဘရောက်ဇာ

၁၉၉၅ ခုနှစ်က ဝင်းဒိုးကွန်ပျူတာတွေမှာ စတင်ထည့်သွင်းပေးခဲ့ပြီး ၂၆ နှစ်ကျော်ကြာအောင် အသုံးပြုခဲ့တဲ့ မိုက်ခရိုဆော့ဖ်ရဲ့ အင်တာနက်ဘရောက်ဇာဖြစ်တဲ့ Internet Explorer ကို အခု ဇွန် ၁၅ ရက်မှာ မိုက်ခရိုဆော့ဖ်က အပြီးဖျက်သိမ်းလိုက်ပြီဖြစ်ပါတယ်။ မိုက်ခရိုဆော့ဖ်အနေနဲ့ ၂၀၁၅ ခုနှစ်မှာ Edge ဘရောက်ဇာကို စတင်မိတ်ဆက်ခဲ့ချိန်ကတည်းကစပြီး Internet Explorer ဘက်မှာ အသစ် Support ပေးမှုတွေကို လျှော့ချခဲ့ရာကနေ လက်ရှိအချိန်မှာတော့ လုံးဝရပ်ဆိုင်းလိုက်တာဖြစ်ပါတယ်။

မိုက်ခရိုဆော့ဖ်ဟာ ကွန်ပျူတာစနစ်မှာ ဝင်းဒိုးနဲ့အတူ ထိပ်တန်းမှာရှိပေမယ့် ဘရောက်ဇာဈေးကွက်မှာတော့ Edge ဟာလည်း ဂူဂဲလ်က ထုတ်ထားတဲ့ Chrome နဲ့ အက်ပဲလ်ကထုတ်ထားတဲ့ Safari တို့ကို မယှဉ်နိုင်ခဲ့ဘဲ ဈေးကွက်ဝေစု အဆများစွာလျော့နည်းနေပါတယ်။ တစ်ကမ္ဘာလုံး ဈေးကွက်ဝေစုအနေနဲ့ Chrome က ၇၇ ရာခိုင်နှုန်းကျော်၊ Safari က ၈ ရာခိုင်နှုန်းကျော် ရရှိထားသလို Third Party ဆော့ဖ်ဝဲတစ်ခုဖြစ်တဲ့ Mozilla Firefox ကလည်း ၈ ရာခိုင်နှုန်းနီးပါး ရရှိထားပါတယ်။ Edge ကတော့ ၆ ရာခိုင်နှုန်းနီးပါးနဲ့ စတုတ္ထနေရာမှာပဲ ရှိနေပါတယ်။

**ကျော်ဇင်ဦး**

# တရားမဝင် သစ်မျိုးစုံ၊ ရေနံစိမ်း၊ စားသောက်ကုန်၊ လူသုံးကုန်၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ယာဉ်/ယန္တရား အပိုပစ္စည်းများ၊ စက်လှေနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၉**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၂၆ ရက်တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုသယ်ဆောင်လာသော ဖိနပ်မျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန်-မြဝတီ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၉၅/၅)မိုင်ခန့် ရှောင်ကွင်းလမ်းထိပ်တွင် ကုန်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် Nissan Sky Line (ECR33) အမျိုးအစား ပြိုင်ကားတစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) **(အပေါ်ယာပုံ)** နှင့် အဆိုပါပြိုင်ကားကို တင်ဆောင်လာသည့် ISUZU NPR81 အမျိုးအစား ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို လည်းကောင်း၊ ဇွန် ၂၇ ရက်တွင် ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုသယ်ဆောင်လာသော သန့်စင်ခန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၈၀၀၀)ကို လည်းကောင်း၊ ဇွန် ၂၉ ရက်တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော ကားတာယာများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၄၀၀၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၇၄၃၈၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



### အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ

အလားတူ ဇွန် ၂၇ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်ခရိုင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးကော်မတီ ဦးဆောင်၍ ဌာနဆိုင်ရာနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သတင်းအရစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဟိုနားရပ်ကွက် မြို့ရှောင်လမ်း (ကားလေးကွင်းအနီး)၌ ကုန်တင်ယာဉ် နှစ်စီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးကုန်ကြမ်းပစ္စည်းနှင့် ယာဉ်/ယန္တရား အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၃၅၅၇၇၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dongfeng အမျိုးအစား ၁၂ ဘီး ကုန်တင်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၃၅၅၇၇၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ် စစ်ကိုးပင်ကျေးရွာအနီး ဧရာဝတီမြစ်ဆိပ်ကမ်း၌ လုပ်ငန်းလိုင်စင်မရှိဘဲ ကျောက်စုပ်လုပ်ငန်း ဆောင်ရွက်နေသည့် သစ်သားခွံစက်လှေ ၁၂ စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၀၀၀၀၀)နှင့် သံခွံစက်လှေ နှစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၂၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လက်ပံလှ-စဥ့်ကူး ယာယီစစ်ဆေးရေး ဂိတ်၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမှ လက်ပံလှဂိတ်သို့ ဝင်ရောက်လာသည့် ကုန်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသည့် တရုတ်နိုင်ငံထုတ် မုန့်မျိုးစုံ ဖာ ၁၀၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် JING GONG အမျိုးအစား ၂၂ ဘီး ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၁၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

### တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိ

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် LEO တံဆိပ် ဘီယာဖာ ၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၀၀၀)၊ အေးခဲအသား(CP) ကီလိုဂရမ် ၂၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် TOYOTA VOXY အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၄၀၀၀၀ ) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဇွန် ၂၉ ရက်တွင် စစ်ကိုင်းတိုင်း ဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ရွှေဘိုခရိုင်တန့်ဆည်မြို့နယ်အတွင်း တရားမဝင် ရေနံစိမ်း ဂါလန် ၅၄၅၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၃၀၅၅၀၀၀) နှင့် ရေနံချက်ဆီ ဂါလန် ၂၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၀၀၀၀) စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၅၁၀၅၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းများဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူပင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ရေတာရှည်မြို့နယ် ရိုးမကြိုးပြင် ကာကွယ်တောအတွင်း တရားမဝင် သစ်မျိုးစုံ ၂ ဒသမ ၃၈၄၈ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၉၄၃၀၂)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၂၆ ရက်၊ ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၂ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၉၆၇၃၃၀၇၂) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်


**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅ CG)၊ ဆရာစံတောင်ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ ခြံအမှတ် (၈၁)၊ မြေကွက်အမှတ်(၁၀၃၂)၊ အကျယ်အဝန်း (၂၀ပေ× ၄၀ပေ)ရှိ ဦးထွန်းကျော် (၁၂/လမတ (နိုင်) ၀၂၃၇၉၀)နှင့် ဒေါ်သီတာ (၁၂/လသန (နိုင်) ၀၁၀၄၁၇) တို့(၂)ဦးအမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်များဖြစ်သော ဦးထွန်းကျော် (၁၂/လမတ (နိုင်) ၀၂၃၇၉၀)နှင့် ဒေါ်သီတာ (၁၂/လသန (နိုင်) ၀၁၀၄၁၇) တို့ထံမှကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဒေါ်အေးအေးမူ
LL.B, D.B.L., M.A. (Business Law)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၀၉)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၃၁၁ ၅၁၀၅

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ မြေကွက်အမှတ် (၂၆၀)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးအုန်းသိန်း (၅/ဘတလ (နိုင်) ၀၀၀၇၄၈) အမည်ပေါက်ပါမစ် မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၂၆၁)နှင့်ကပ်လျက် (၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝင်းဝင်း (၈/ခမန (နိုင်) ၁၆၇၉၄၄) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဦးဇော်ထွန်းအောင်
LL.B, D.B.L, D.M.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅)
ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၃၆

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ရွှေလှေချောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၀၇)၊ ကွင်းအမည် (ရွှေလှေချောင်ကွင်း)၊ ဦးပိုင်အမှတ်(၁၉/၃)၊ အကျယ်အဝန်း (၉.၇၇)ဧက နှင့် ဦးပိုင်အမှတ်(၁၉/၄) အကျယ်အဝန်း (၂.၇၉)ဧကရှိ ဦးအောင်စိုးဌေး (၁၂/တတန (နိုင်) ၁၆၀၄၇၇)အမည်ပေါက် ပုံစံ-၇ လယ်မြေကွက်(၂)ကွက်နှင့် ယင်းလယ်မြေကွက်(၂)ကွက် ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးအောင်စိုးဌေး (၁၂/တတန (နိုင်) ၁၆၀၄၇၇)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဦးဇော်ထွန်းအောင်
LL.B, D.B.L, D.M.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅)
ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၃၆

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဃ) ၊ နွယ်နီ(၁)လမ်း၊ မြေကွက်အမှတ် (၄၃၈/ခ)၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ ဦးရှပ် (CC-044163) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်စန်းစန်းနွယ် (၁၂/ဥကမ(နိုင်) ၁၆၀၀၉၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက်စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင် ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်း များဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်လှိုင် LL.B,
Ph,09421746974 အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)
အမှတ်(၅၁၅)၊ဗိုလ်သုန်လမ်း၊(၄၉)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊


## အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းဖွင့်

**မောင်တော ဇွန် ၂၉**

ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနက အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများဆေးထိုးသားဖောက်ခြင်းနည်းပညာပေးသင်တန်းဖွင့်ပွဲ (၁/၂၀၂၂) အခမ်းအနားကို ဇွန် ၂၀ ရက်က ခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်တာဝန်ခံ ဦးညီထွေးက အမှာစကားပြောကြားပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ရုံးဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူ ၁၈ ဦး တက်ရောက်သည်။ သင်တန်းတွင် အသားတိုးငါးမွေးမြူခြင်း၊ မျိုးငါးများပြုစုထိန်းသိမ်းခြင်း၊ ငါးဆေးထိုးသားဖောက်ခြင်း၊ ငါးသားပေါက်များပြုစုခြင်း စသည့်ဘာသာရပ်များကို စာတွေ့လက်တွေ့ နှစ်ရက် ပို့ချခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ဇွန် ၂၁ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက စစ်ကိုင်းမြို့ တာဝါတိုင်အနီး ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့-၁ ဗိုလ်မှူးကြီး ခင်မောင်လွင်နှင့် တာဝန်ရှိသူများက ရေဦး ငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်း၊ ငါးခုံးမကြီး သားပေါက် လေးသိန်း မျိုးစိုက်ထည့်ပေးစဉ်။

သတင်းစဉ်

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | တာယာ(၃၆)မျိုး | ၅၀၃၈လုံး/စုံ |
| (ခ) | ဘက်ထရီ (၁၄)မျိုး | ၂၃၄၅လုံး |
| (ဂ) | စက်ဆီ/ချောဆီ(၉)မျိုး | ၁၀၇၈၀/၉၉၀/၅၀ ဂါလန်/Kg/Liters |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၃၀-၆-၂၀၂၂ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၄-၇-၂၀၂၂ရက် ၁၂:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁ -၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅ အီး၊ မြေကွက်အမှတ်-(ဂ)၊ ဧရိယာ ၀ ဒသမ ၀၃၁ဧကရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ အမှတ်-၅၅၆၊ (၈)ထပ်တိုက်ရှိ တိုက်ခန်းအမှတ်-၅လွှာ Aတိုက်ခန်းတစ်ခန်းနှင့် ၎င်းတိုက်ခန်းတွင် တပ်ဆင်ထားသည့် ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးတေဇာကျော်သူ ၁၂/ကမတ(နိုင်)၀၁၄၈၉၈ မှ တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ဝယ်ယူရန်သဘောတူညီသည့်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်း အဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်မြင့်နွယ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၈၈၅)**
**အမှတ်-၆၅၁၊စံရိပ်ငြိမ်လမ်း၊၄၆ ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်-၀၉-၇၈၂၉၇၀၇၇၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံးကိုဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ- ၂၀)

### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်

### ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်-၆၅

| | | |
|---|---|---|
| ဦးကျော်နိုင် | နှင့် | တပ်ကြပ်ကြီး ခင်မောင်ကြီး |
| တရားလို | | တရားပြိုင် |

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၆လမ်း၊ ၃၁x၃၂လမ်းကြား၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်နေ တပ်ကြပ်ကြီး ခင်မောင်ကြီး (ဘ) ဦးကျော်ကျော် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်နိုင်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င) ရပ်ကွက်၊ အကွက်အမှတ်(ညည-၃)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ ၀ ဒသမ ၀၅၁ဧကရှိ မြေကွက်အား ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေသို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဇူလိုင် ၁၈ရက်(၁၃၈၄ခုနှစ် ဝါဆိုလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာ ရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်း အပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းမည်။

၂၀၂၂ခုနှစ် ဇွန် ၂၃ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းလဲ့ရည်လွင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

